# မြန်မာ့အလင်း

၁၉၁၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၇ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ် စ ရာ

**(၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း**
ဆောင်းပါး | စာ - ၆

**သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော မြို့များမှသည် စမတ်မြို့များဆီသို့**
ဆောင်းပါး | စာ - ၈

**အရှေ့တောင်အာရှဒေသများ၏ သံနှင့်သံမဏိလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး**
ကုန်သွယ်စီးပွား | စာ - ၁၆

**မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့**





စီးပွားရေးသတင်းများ | စာ - ၁၇




## ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာသီးနှံ ၁၀၂၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၃၂၇၄၃၄ တင်း ထွက်ရှိ

**ကျောက်ဆည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာသီးနှံ ၁၀၂၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၃၂၇၄၃၄ တင်း ထွက်ရှိကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာသီးနှံများစိုက်ပျိုးရာတွင် တိုက်နယ်(၁)တွင် ၇၃၆ ဧက၊ တိုက်နယ်(၂)တွင် ၈၉၃ ဧက၊ တိုက်နယ်(၃)တွင် ၅၂၁ ဧက၊ တိုက်နယ်(၄)တွင် ၁၂၃၈ ဧက၊ တိုက်နယ်(၅)တွင် ၄၁၇ ဧက၊ တိုက်နယ်(၆)တွင် ၁၁၁၆ ဧက၊ တိုက်နယ်(၇)တွင် ၇၁၅ ဧက၊ တိုက်နယ်(၈)တွင် ၁၈၂၆ ဧက၊ တိုက်နယ်(၉)တွင် ၃၈၅ ဧက၊ တိုက်နယ် (၁၀)တွင် ဧက ၁၁၃၀၊ တိုက်နယ်(၁၁)တွင် ၅၈၇ ဧက၊ တိုက်နယ် (၁၂)တွင် ၇၀၂ ဧက စုစုပေါင်း ၁၀၂၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထွက်နှုန်းများအနေဖြင့် တိုက်နယ်(၁)တွင် ၂၃၉၅၇ တင်း၊ တိုက်နယ်(၂)တွင် ၂၉၇၂၉ တင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ❖






ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃
ဖုန်း - ၀၉၄၅၃၂၂၅၅၄၅

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မြန်မာ့အလင်း

## တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်း

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုဖြင့် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့သည်မှစ၍ ပြန်လည်ရေတွက်လျှင် မြန်မာ့တပ်မတော်၏ သက်တမ်းမှာ နှစ်ပေါင်း ၈၀ ကျော်ခဲ့ပြီဖြစ်သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးကြိုးပမ်းမှုတွင် သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် မြန်မာ့တပ်မတော်သည် နိုင်ငံလွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်တွင် လွတ်လပ်ရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပြည်တွင်းပြည်ပ ရန်အသွယ်သွယ်တို့ကိုလည်း ကာကွယ်ခဲ့ရသည်။ မျက်မှောက်ကာလတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍတွင် ပါဝင်၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ထမ်းရွက်လျက်ရှိသည်။

"တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်အရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ပြီး တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှ ယနေ့အချိန်အထိ တပ်မတော်က နိုင်ငံတော်ကို လွတ်လပ်ရေးရရှိအောင်နှင့် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့ရသဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကို ခွဲခြား၍မရကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍသည် နိုင်ငံတော်က ပေးအပ်ထားသော နိုင်ငံရေးအမွေပင်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား ၁၀-၄-၂၀၂၁ ရက်နေ့က တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံအဖြစ် လျှောက်လှမ်းနေပြီဖြစ်သည့် ခေတ်အခါတွင် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဆက်လက်ထိန်းသိမ်းကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားရေးအတွက်ပြည်သူလူထုနှင့်အတူ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုနှင့် နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များက မြန်မာ့ဒီမိုကရေစီစနစ်တွင် မရိုးဖြောင့်မှု၊ ဥပဒေမဲ့ပြုမူမှုနှင့် အင်အားအသုံးပြု ထင်ရာစိုင်းသည့် အလေ့များကို အစပျိုးပေးသည့်သဖွယ် ဖြစ်ခဲ့သည်။ ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့် မိမိတို့နိုင်ငံတွင် နိုင်ငံကို ဦးဆောင်ဦးရွက် ပြုကြရမည့်သူများအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စံနမူနာပြ လိုက်နာကြရန် လိုအပ်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ကန်စွာနှင့် အရည်အချင်းပြည့်ဝစွာ ထမ်းဆောင်နိုင်ကြရန်လည်း လိုအပ်သည်။ ဥပဒေချိုးဖောက်မှု၊ တရားမဲ့ပြုကျင့်မှုတို့ကြောင့် ဒီမိုကရေစီလမ်းလွဲသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှနေ၍ တပ်မတော်က နိုင်ငံတော်၏အာဏာကို ဝင်ရောက်ထိန်းသိမ်းကာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်မှ သွေဖည်မသွားစေရေးအတွက် တည့်မတ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်ဆင်နွှဲခဲ့သည့် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးသည် ယခုနှစ်တွင် (၇၈) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ တပ်မတော်နေ့သည် မြန်မာ့တပ်မတော်နှင့် ပြည်သူလူထု ပူးပေါင်းလက်တွဲမှု၊ ဖက်ဆစ်စနစ်ဆိုးနှင့် ပြည်ပရန်ကို အသက်သွေးချွေးတို့ ရင်းနှီးပေးဆပ်၍ အတူတကွ တွန်းလှန်ခဲ့မှုတို့ကို အစဉ်ထာဝရ သတိတရရှိနေစေမည့် သမိုင်းမော်ကွန်းမှတ်တိုင်ကြီးအဖြစ် ဂုဏ်ပြုကြရန်ဖြစ်ပြီး မျက်မှောက်ကာလ နိုင်ငံ့အရေးတို့တွင်လည်း ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် ပြည်တွင်းပြည်ပအန္တရာယ်တို့ကိုလည်း အတူတကွ ကာကွယ်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်က စပါးများ ကြိတ်ခွဲဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ နန့်ယွန်းကျေးရွာ၌ တော်ဝင်မိုင်းယောင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်ကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အသင်းပိုင် ဆန်စက်လုပ်ငန်းအတွက် လိုအပ်သော စပါးများကို လွယ်ကူစွာဝယ်ယူရရှိနိုင်စေရန်နှင့် ဒေသတွင်း ဆန်ဖူလုံစေရန်အတွက် စပါးစိုက်တောင်သူများအား စုစည်း၍ သမဝါယမအသင်း ကိုးသင်းကို ဖွဲ့စည်းခဲ့ပြီး တောင်သူများနှင့် ချိတ်ဆက်၍ စပါးဝယ်ယူကြိတ်ခွဲ ဆောင်ရွက်လျက်ရှိသည်။



အသင်းအနေဖြင့် ဒေသခံတောင်သူများထံမှ ဒေသထွက်စပါး မော်ဘီ-၃ နှင့် ကောက်ညှင်းစပါးများ ဝယ်ယူ၍ အသင်းပိုင်ဆန်စက်တွင် တစ်ရက်လျှင် တန် ၃၀ အိတ် ၁၀၀၀ ကြိတ်ခွဲနိုင်ပြီး ဆန်လုံးချောများကို ကီလိုဂရမ်ဖြင့် အသင်းသားများနှင့် စားသုံးသူများထံသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့က အဖွဲ့ဝင်သတင်းထောက်များ၏ ကျန်းမာရေး၊ နာရေးကိစ္စရပ်များတွင် အစဉ်မပြတ် ထောက်ပံ့အကူအညီပေးလျက်ရှိရာ မတ် ၁၅ ရက်က ပုဗ္ဗန်တောင်မြို့နယ်နေ သတင်းထောက်ကြီး ဦးဇော်ဝင်းမြင့် ဆေးရုံတက်ရောက်ရခြင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို အဖွဲ့နာယက ဦးသန်းမောင်(ရန်ကင်း)၊ ဥက္ကဋ္ဌဦးသန်းဝင်း(တညင်လေး)၊ အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းစိုး(ကိုကြီးစိုး)တို့ အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်စဉ်။ ကိုကြီးတင်

## EV တက္ကစီယာဉ် အခမဲ့စီးနင်းခြင်း တစ်လတိတိပြုလုပ်မည်

ရန်ကုန် မတ် ၁၆

မြန်မာ့လျှပ်စစ်ကား အသွင်ကူးပြောင်းရေး စမ်းသပ်ကာလအတွင်း အများပြည်သူတို့၏ သတိထားမိမှုနှင့် အသိအမှတ်ပြုစေမှုကို အမြန်ရရှိစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တွင် EV လျှပ်စစ်တက္ကစီယာဉ် မည်သူမဆို အခမဲ့လာရောက်စီးနင်းနိုင်သည့် အစီအစဉ်ကို မတ် ၁၆ ရက်က စတင်ပြုလုပ်နေကြောင်း EV Myanmar Group မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ လူတိုင်း အခမဲ့စီးနင်း၊ မောင်းနှင်နိုင်တဲ့ EV တက္ကစီ အစီအစဉ်ကို တစ်လတိတိ သတ်မှတ်ထားပြီး အခမဲ့စီးနင်းခြင်း ခွင့်ပြုချက်ယူဖို့အတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ လိုအပ်တယ်" ဟု EV Myanmar Group မှ တည်ထောင်သူ ဦးကျော်ကျော်ထွန်းက ပြောသည်။ EV လျှပ်စစ်ကားစီးနင်းတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဖိုးသက်သာစေခြင်းအပြင် စီးနင်းသူများ လုံခြုံမှုရှိကြောင်း သိရသည်။ ယခုအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် WWW.Myantickets.com ဝက်ဘ်ဆိုက်တွင် စာရင်းပေးသွင်းပြီး ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းတွင် လာရောက်စီးနင်းနိုင်ကြောင်း၊ အခမဲ့စီးနင်းနိုင်ခွင့်ကာလကို ၂၀၂၃ ခုနှစ် ဧပြီ ၁၃ ရက်အထိ သတ်မှတ်ထားကြောင်း သိရသည်။ **အာကာလင်း**

# ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ထူးချွန်ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၁) နှစ်တာ ဖြတ်သန်းလာခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် တိုင်းရင်းသားပြည်သူများအား စာပေဗဟုသုတ တိုးပွားစေရေးအတွက် လူထုမီဒီယာမှတစ်ဆင့် စာပေဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ပုံနှိပ်ခြင်းဆိုင်ရာများကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏ တစ်ခုတည်းသော ပုံနှိပ်ဌာနတစ်ခုဖြစ်ပါကြောင်း။

**ဌာနခွဲတစ်ခုဖြစ်**

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် ပြည်သူလူထုကို သတင်းအချက်အလက်ပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ ဌာနခွဲတစ်ခုဖြစ်သည့် စာပေဗိမာန် လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ စာပေဗိမာန်ကဏ္ဍများအနေဖြင့် ပြည်သူများ ဗဟုသုတရှိစေမည့် စာအုပ်စာပေများ ထုတ်ဝေခြင်း၊ ရောင်းချခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာပေစကားဝိုင်းများ၊ စာပေဆွေးနွေးပွဲ ကျင်းပခြင်းနှင့်အတူ စာပေဆု ချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ ဝန်ထမ်းကောင်းများအနေဖြင့် ပြည်သူကို ပေးဆပ်ရမည်ဟု ခံယူပြီး ရိုးသားစွာဖြင့် ပြည်သူ့အတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဝန်ကြီးဌာန၏ လုပ်ငန်းများကို နောက်တန်းမှ ခံစစ်မှူးကောင်းများသဖွယ် ပံ့ပိုးကူညီနေကြသူများ ဖြစ်ပါကြောင်း၊ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကို ဂုဏ်ယူစွာဖြင့် အသိအမှတ်ပြုသကဲ့သို့ နောင်တွင်လည်း ဆက်လက်ဂုဏ်ယူရမည့် ဦးစီးဌာနတစ်ခုအဖြစ် ဆက်လက်ကြိုးစား ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်း ၈၆၂ ဦးအတွက် ငွေကျပ် ၈၉ သိန်းတန်ဖိုးရှိ ဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) မှ ရုံးအုပ် (စီမံ) ဒေါ်မြတ်မွန်ဖြိုးနှင့် စီမံရေးရာဌာနခွဲ နေပြည်တော်(ရုံးချုပ်) မှ အကြီးတန်းစာရေး (စီမံ) ဒေါ်အေးသန္တာဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)မှ ရုံးအုပ်(စီမံ) ဒေါ်မြတ်မွန်ဖြိုးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပတ်လည်စက် Web Offset ( Goss) အား Black And White ပုံနှိပ်လုပ်ငန်းတွင် ပြန်လည်အသုံးပြုနိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့သည့် ဝန်ထမ်းသုံးဦးကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က ကျောင်းသုံးဖတ်စာအုပ်လုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် ကြိုးစား ဆောင်ရွက်ခဲ့ကြသည့် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံနှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ) တို့မှ ဝန်ထမ်းလေးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား စက်ဘီးနှစ်စီးနှင့် ငွေသားဆုမဲများကို ပျော်ရွှင်စွာ ကံစမ်းမဲဖောက်ပေးကြပြီး ဆုရရှိသည့် ဝန်ထမ်းများကို ဆုများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၄)ကြိမ်မြောက် မြန်မာ - လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး ကျင်းပ

**တာချီလိတ် မတ် ၁၆**

(၁၄)ကြိမ်မြောက် မြန်မာ – လာအို ဗဟိုအဆင့် နယ်စပ်ဒေသ အာဏာပိုင်များ အစည်းအဝေးကို ယမန်နေ့က တာချီလိတ်မြို့ 1G1–11 ဟိုတယ်၌ ကျင်းပသည်။(ယာပုံ)




**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖိုဆိုင်း ခိုင်ခန်းဖိထွန်တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ နယ်စပ်ဖြတ်သန်းသွားလာခွင့်၊ နယ်စပ်စစ်ဆေးရေးဂိတ်များနှင့် နယ်စပ်ကုန်သွယ်ရေး၊ အလုပ်သမားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာမှု၊ နယ်နိမိတ်မှတ်တိုင်များ စစ်ဆေးခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာချီလိတ်မြို့ရှိ အာခါရိုးရာစားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(၁၄)ကြိမ်မြောက် မြန်မာ–လာအို ဗဟိုအဆင့် နယ်စပ်ဒေသ အာဏာပိုင်များ အစည်းအဝေး မတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၁၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားနယ်နိမိတ်ရေးရာ ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ အန်နိုးဆင် ခိုင်ပိညာလာတို့က ဦးဆောင်၍ တာချီလိတ်မြို့ 1G1–11 ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှတ်(၇)အထည်စက်ရုံ (မြစ်သား) ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။**



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စက်ရုံမှူးက အရည်အသွေးပြည့်မီသော ၂/၆၀ ချည်၊ ၂/၈၀ ချည်များကို ထုတ်လုပ်ရန် လမ်းညွှန်မှုပြုထားသဖြင့် စက်ရုံ၌ ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ ပြုပြင်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ၂/၈၀ ချည်များ အမြန်ဆုံးထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများပြုပြင်နေမှုကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ ၂/၈၀ ချည်များ စီးပွားဖြစ် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းချည်မျှင်ရှည်ဝါဂွမ်းများနှင့် စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရန်၊ အရည်အသွေးကောင်းမွန်သော ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ထားရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရန် ကုန်ကြမ်း၊ စက်ပစ္စည်းများကောင်းမွန်နေရုံဖြင့်မရဘဲ စက်များကို ကိုင်တွယ်မောင်းနှင်နေသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုလည်း လိုအပ်သဖြင့် လေ့ကျင့်သင်ကြားပေးရန်နှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည်များ ဖြည့်ဆည်းဆောင်ရွက်ထားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်း ၁/၄၀ ချည်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ ပြုပြင်ပြီးစီးမှုနှင့် ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

## ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်မည်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂/၈၀ ချည်များကို ထုတ်လုပ်၍ ပြည်တွင်းအထည်အလိပ်လုပ်ငန်းများသို့ ဖြန့်ဖြူးပေးနိုင်လျှင် ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်သဖြင့် အမှတ်(၇) အထည်စက်ရုံ (မြစ်သား)တွင် ထုတ်လုပ်နိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ချိန်တွင် ၂/၈၀ ချည်ကို တစ်လလျှင် ပေါင် ၂၀၀၀၀၊ တစ်နှစ်လျှင် ပေါင် ၂၄၀၀၀၀ အခြေခံထုတ်လုပ်နိုင်ပြီး ပြည်တွင်း အထည်အလိပ်လုပ်ငန်းရှင်များထံ ဖြန့်ဖြူးပေးသွားနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အမှတ်(၇) အထည်စက်ရုံ (မြစ်သား) အနေဖြင့် အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသော ၂/၈၀ ချည်များ စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ဝါဂွမ်းအမျှင်အရှည် ၃၄ မီလီမီတာရှိသော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးနှင့် အသိပညာပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်

**နေပြည်တော် မတ် ၁၆**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ပြတိုက်ငယ်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတာဝန်ခံတို့နှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများအတွက် တွေ့ဆုံမှာကြားသည်။ ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်အဆင့် တာဝန်ရှိသူများနှင့်အတူ ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုပြီး ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ အေးချမ်းစွာ ဖြေဆိုရေး ကူညီဆောင်ရွက်ပေးကြသောဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ နေသာကျောင်းတိုက်သို့ ရောက်ရှိပြီး နေသာဆရာတော် ဘဒ္ဒန္တ ဓမ္မိကအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပူဇော်ပြီး နေသာပရဟိတ စာသင်ကျောင်းနှင့် နေသာစာကြည့်တိုက်အတွက် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် စေတနာရှင်များက လှူဒါန်းသော ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်စာစောင်များ လှူဒါန်းကာ ဆရာတော်က ယနေ့ခေတ်လူငယ်များ ငယ်စဉ်ကတည်းက အသိပညာ ဗဟုသုတပြည့်စုံရေးနှင့် အတွေးအခေါ် အလုပ်အကိုင် မှန်ကန်စေရေး အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း မိန့်ကြားရာ ဒုတိယဝန်ကြီးက နိုင်ငံတော်က လူငယ်များ အသိပညာပေးလုပ်ငန်းများနှင့် ဗလငါးတန် ပြည့်ဝသော လူငယ်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းလျှောက်ထားခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ရုံးတို့မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင်ရုံးတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ခရိုင်ရုံးတွင် ဖွင့်လှစ်ထားသော အင်္ဂလိပ်စာ အခြေခံသင်တန်း တက်နေသည့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးနှင့် အသိပညာပေးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ မိမိရုံးနှင့် စာကြည့်တိုက်တို့ကို ပြည်သူလူထုနှင့် လူငယ်များက အားကိုးချင်စိတ် ရှိလာအောင် စည်းရုံးပြီး စာဖတ်သူ၊ စာငှားသူများပြားအောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းကောင်းပီသစွာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး၊ မီးဘေးလုံခြုံရေး ဂရုပြုရန်တို့ကို မှာကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**နေပြည်တော်**

**သတင်းထုတ်ပြန်ချက်**

**၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရ ကုမ္ပဏီ (၂၀) ခုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှု မရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင် (Money Changer License) အား ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ် (၁/၂၀၂၃) ဆုံးဖြတ်ချက်အရ ရုပ်သိမ်းလိုက်သည်-

(၁) Oake Khaung Travels & Tours Co., Ltd
(၂) Senjo Royal Myanmar Co., Ltd
(၃) Dawei Popular Co., Ltd
(၄) Zam Myo Co., Ltd
(၅) Phyo Thet (PT) Co., Ltd
(၆) Sky Bound Co., Ltd
(၇) Myanmar MCG Corporation Ltd
(၈) Htwe and Htwe Family Co., Ltd
(၉) Won Won Co., Ltd
(၁၀) United Eleven Co., Ltd
(၁၁) Tun Yama Co., Ltd
(၁၂) Myanmar Alinkar Hotel Group Co., Ltd
(၁၃) Cartel Co., Ltd
(၁၄) Super Phoneix Co., Ltd
(၁၅) Golden Falcon Shipping Co., Ltd
(၁၆) Fairness Travels & Tours Co., Ltd
(၁၇) Yadanar Bon Travels & Tours Co., Ltd
(၁၈) Myanmar National Airlines Co., Ltd
(၁၉) Dewant Financial Loan Microfinance Co., Ltd
(၂၀) Treasure Su Co., Ltd

❖ *ရှေ့ဖုံးမှ*

တိုက်နယ် (၃)တွင် ၁၇၀၄၇ တင်း၊ တိုက်နယ်(၄)တွင် ၄၁၈၈၂ တင်း၊ တိုက်နယ်(၅)တွင် ၆၈၇၄ တင်း၊ တိုက်နယ်(၆)တွင် ၃၆၆၀၅ တင်း၊ တိုက်နယ်(၇)တွင် ၁၄၅၇၇ တင်း၊ တိုက်နယ်(၈)တွင် ၆၀၂၅၈ တင်း၊ တိုက်နယ်(၉)တွင် ၁၃၂၂၁ တင်း၊ တိုက်နယ်(၁၀)တွင် ၃၇၇၄၂ တင်း၊ တိုက်နယ်(၁၁)တွင် ၂၂၀၂၅ တင်း၊ တိုက်နယ်(၁၂)တွင် ၂၃၅၁၇ တင်း စုစုပေါင်း ၃၂၇၄၃၄ တင်း ထွက်ရှိကြောင်းနှင့် နေကြာသီးနှံများ အောင်မြင်စေရေး မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းကာ နည်းပညာများ စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၃၂ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့်သံမဏိထုတ်လုပ်သည့် နည်းစဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ် / ဝါး ပေါက်ရောက်မှု အခြေအနေများအပေါ်မူတည်၍ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  မတ်  ၁၆

**မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာ ဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့်သံမဏိ ထုတ်လုပ်သည့် နည်းစဉ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သစ်/ဝါး ပေါက်ရောက်မှု အခြေအနေများအပေါ်မူတည်၍ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုအချိန်တွင် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်ရုံတစ်ရုံ၊ စက်မှုဝန်ကြီးဌာနတွင် စက်ရုံနှစ်ရုံနှင့် မြန်မာ စီးပွားရေးကော်ပိုရေးရှင်းတွင် စက်ရုံ သုံးရုံရှိကြောင်း၊ ပုဂ္ဂလိကအနေဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် သံရည်ကျိုလုပ်ငန်းပေါင်း ၃၆၂ ခုတို့ဖြင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အားပေးဆောင်ရွက်ပေးမှုဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ (Melt Shop-1) ကို ယခုလအတွင်း ပြန်လည်လည်ပတ်၍ သံမဏိလေးထောင့်တုံး (Steel Billet) ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စတင်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ်သံမဏိတန်ချိန် သုံးသန်းခန့် လိုအပ်သော်လည်း ပြည်တွင်း၌ တစ်နှစ်လျှင် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှ နိုင်ငံခြားငွေ တစ်ဘီလီယံကျော်ခန့် သုံးစွဲ၍ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် သံနှင့်သံမဏိ ထုတ်လုပ်သည့် နည်းစဉ်များနှင့် ပတ်သက်၍ လေ့လာသိရှိထားသည်များကို အကြံပြုဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း။

ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ်/ဝါး ပေါက်ရောက်မှုအခြေအနေအပေါ်မူတည်ပြီး ပျော့ဖတ်စက်ရုံများကို ဝါး/သစ် ကုန်ကြမ်းများ လွယ်လွယ်ကူကူနှင့် သယ်ယူထုတ်လုပ်နိုင်သည့် နေရာများ၊ ရေအရင်းအမြစ် အလွယ်တကူရရှိနိုင်မည့် နေရာများတွင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထွက်ရှိမည့် စွန့်ပစ်ရေများကို သန့်စင်ပြီး စနစ်တကျ ပြန်လည်စွန့်ထုတ်ရန် လိုအပ်သည့်အတွက် စက်ရုံတည်ဆောက်ရန် မြေနေရာရွေးချယ်မှုသည် အရေးကြီးကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများ ရရှိနိုင်ရေး လွယ်ကူလက်လှမ်းမီသည့် နေရာများနှင့် ရေ၊ လျှပ်စစ်ဓာတ်အား၊ လောင်စာအရင်းအမြစ်များရရှိနိုင်ရန် လွယ်ကူသည့်နေရာများတွင် ရွေးချယ်ပြီး ပျော့ဖတ်စက်ရုံများ တည်ထောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စက္ကူစက်ရုံနှင့် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် စာရင်းကောက်ယူထားသည့် ဝါးထွက်ရှိမှု ဧရိယာကေအနေဖြင့် ၆၉ ဒသမ ၆ သန်းရှိကြောင်း၊ တစ်နှစ်လျှင် ဝါးအလုံးရေ ၂၆၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ၁၄၅ သန်းလုံးသာ ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း၊ ဝါးပေါက်ရောက်မှုဧရိယာ စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်မှုမရှိသေးသဖြင့် ဝါးအလုံးရေ ၂၆၅ သန်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် တင်ဒါစနစ်ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ရန် တောနိမ့်၊ တောပါးဧရိယာ ၃ ဒသမ ၆၅ သန်းဧကရှိသည့်အတွက် စက္ကူစက်ရုံများ တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းများ လုံလောက်မှုရှိပါကြောင်း၊ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သံမဏိစက်ရုံများ တည်ဆောက်နိုင်ရေးနှင့် စက္ကူနှင့် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာ ဒေသများ၊ အသုံးပြုနိုင်သည့် သံနှင့်သံမဏိ ထုတ်လုပ်သည့် နည်းစဉ်များနှင့် သံမဏိစက်ရုံများ တည်ထောင်ဆောင်ရွက်သွားရန် ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရန်အတွက် အခြေခံလိုအပ်သော ကုန်ကြမ်းများ၊ အရင်းအမြစ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာအရာရှိကြီးများက သံမဏိစက်ရုံ၊ စက္ကူနှင့် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် သစ်တောသယံဇာတနှင့် တွင်းထွက်သယံဇာတများထွက်ရှိမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**နေပြည်တော်  မတ်  ၁၆**

ကယားပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့က ကယားပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**




တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူအချင်းချင်း အတွေ့အကြုံ ဖလှယ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူ ပူးပေါင်းပါဝင်သော နည်းပညာပေး လုပ်ငန်းများ ထိရောက်အောင်မြင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးနည်းပညာပြန့်ပွားရေး ဝန်ထမ်းများအနေဖြင့် မြေပြင်၏ ပကတိ စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူများ၏ လူမှုစီးပွားဘဝကို အနီးကပ် သိရှိသူများဖြစ်ရာ တောင်သူ့အခက်အခဲနှင့် လိုအပ်ချက်များကို ထိထိရောက်ရောက် ကူညီ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သုတေသနဌာနများ အပါအဝင် သက်ဆိုင်ရာဌာနများနှင့် တောင်သူများအကြား ပေါင်းကူး ဆက်စပ်ပေးသည့် ဝန်ဆောင်မှုကို အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေးနှင့် တောင်သူများ ယုံကြည်အားကိုးသည့် လယ်ယာကဏ္ဍဆိုင်ရာ ပညာရှင်များအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြ စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဌာနများအလိုက် ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းလျာထားချက်များကို လည်းကောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုနိုင်ရေးနှင့် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ ငါး၊ ပုစွန်မွေးမြူရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန်  မတ်  ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည့် အစည်းအဝေး၌ အသားငါးကဏ္ဍတွင် ငါးမွေးမြူရေးမှ ဝင်ငွေများရရှိနိုင်ရန် နည်းပညာအကူအညီပေးနိုင်ရေး ဆောင်ရွက်ရန်ဟု လမ်းညွှန်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ငါး၊ ပုစွန် မွေးမြူရေး နည်းပညာပေးသင်တန်းကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကျောက်တန်းပုစွန်သားပေါက်စခန်းမှ စခန်းတာဝန်ခံ ဦးရဲဝင်းသောင်းက ရေငန်ပုစွန်မွေးမြူရေးနှင့် ပတ်သက်၍ မြေနေရာရွေးချယ်ခြင်း၊ ပုစွန်အသားတိုးမွေးမြူနည်းစနစ်များကို ဟောပြောပို့ချသည်။

သင်တန်းသို့ ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးဖြူနှင့် ဝန်ထမ်းများ၊ ကျောက်တန်းပုစွန်သားပေါက်စခန်းမှ စခန်းတာဝန်ခံ ဦးရဲဝင်းသောင်း၊ ဝက်ကိုက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေး ဝါသနာရှင်များ၊ သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

*ဒေါက်တာခိုင်ခိုင်ဝင်း*

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights, UDHR) ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ဆိုလျှင်ဖြင့် စိန်ရတု (၇၅) နှစ်ပြည့်မြောက်တော့မည် ဖြစ်ပါသည်။ ကုလသမဂ္ဂ (United Nations) သည် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့ပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်း (UN Charter) ဒုတိယအပိုဒ်တွင် “to reaffirm faith in fundamental human rights, in the dignity and worth of the human person, in the equal rights of men and women and of nations large and small”, “လူတို့၏ အခြေခံလူ့အခွင့်အရေးများ၊ လူတို့၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးများ၊ အမျိုးသမီးနှင့် အမျိုးသား၊ နိုင်ငံကြီးနှင့် နိုင်ငံငယ်တို့တွင် တူညီသော အခွင့်အရေးများရှိသည်ကို သက်ဝင်ယုံကြည်မှုရှိကြောင်း ထပ်လောင်းအတည်ပြုရန်”ဟု ဖော်ပြထားသော်လည်း ဤအချက်မျှနှင့် မလုံလောက်ဟု လက်ခံယုံကြည်ကြသဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ရေးဆွဲရန် စတင်ဖြစ်ပေါ်လာခဲ့ပါသည်။

**ထောက်ခံမဲ ၄၈ မဲဖြင့် ပြဋ္ဌာန်း**

၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့၏ တာဝန်ပေးမှုဖြင့် မစ်(စ်)အယ်လီနာရုစဗဲ့ (အမေရိကန်သမ္မတ ရုစဗဲ့ကတော်) ဦးဆောင်ပြီး ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို ထိုနှစ်တွင်ပင် စတင်ရေးဆွဲခဲ့ပါသည်။ ကြေညာစတမ်း၏ မူကြမ်းအား လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးများတွင် ပြင်ဆင်တည်းဖြတ်ရာတွင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ်၊ ၁၉၄၈ ခုနှစ် မေလတွင် ဒုတိယအကြိမ်နှင့် ၁၉၄၈ ခုနှစ် ဇွန်လတွင် တတိယအကြိမ် ပြင်ဆင်ခဲ့ကြပါသည်။ စကားလုံးတိုင်း၊ အပိုဒ်တိုင်းနှင့် ပတ်သက်၍ အကြိမ်ပေါင်း ၁၄၀၀ တိတိ မဲခွဲဆုံးဖြတ်ခဲ့ကြပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ(UNGA)မှ ထောက်ခံမဲ ၄၈ မဲ၊ ကြားနေမဲ ရှစ်မဲဖြင့် ကြေညာချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထောက်ခံမဲပေးခဲ့သည့် နိုင်ငံများထဲတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်နေပြီဖြစ်သည့် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပါသည်။ ကြေညာစာတမ်း အတည်ပြုခဲ့သည့်နေ့ကို လူ့အခွင့်အရေးနေ့ (Human Rights Day) အဖြစ် ၁၉၅၀ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ(UNGA)မှ သတ်မှတ်ခဲ့ပါသည်။

**လူသားများ၏ တာဝန်ဝတ္တရားများအကြောင်း ဖော်ပြ**

ကြေညာစာတမ်းတွင် အပိုဒ်ပေါင်း (၃၀) ပါရှိပြီး အပိုဒ် (၁) နှင့် (၂) သည် လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ အပိုဒ် (၃)မှ (၂၁)အထိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အပိုဒ် (၂၂) မှ (၂၇) အထိ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် အပိုဒ် (၂၈) မှ (၃၀) အထိ လူသားများ၏ တာဝန်ဝတ္တရားများအကြောင်းတို့ ဖော်ပြပါရှိပါသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ပေါက်လာခြင်းသည် လူသားများ၏ အရေးကြီးဆုံး သမိုင်းမှတ်တိုင်တစ်ရပ်၊ လူသားများ၏ သမိုင်းဝင် လုပ်ဆောင်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။ ကြေညာစာတမ်းဖြစ်သည့်အတွက် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ စံနှုန်းများပါဝင်ပြီး လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုတို့ကို အသိအမှတ်ပြုထားသည့် ကြေညာစာတမ်းကြီးဖြစ်ရာ ကမ္ဘာကြီးတွင် ဤကြေညာစာတမ်းကို လူသားအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန် အလို့ငှာ ဘာသာပြန်ဆိုကြရာတွင် ဘာသာစကားပေါင်း ၅၀၀ ကျော် ဘာသာပြန်ဆိုပြီး ဖြစ်ပါသည်။

**မျက်မမြင်လက်စမ်းစာအုပ် ပူးပေါင်းထုတ်ဝေ**

ဘာသာပြန်ဆိုမှုအများဆုံး ဂင်းနစ်စံချိန်ဝင်လည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၃ ခုနှစ်တွင် မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့် ယနေ့အချိန်အထိ တိုင်းရင်းသားဘာသာ ၂၁ မျိုးအထိ ဘာသာပြန်ဆိုခြင်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအပြင် မသန်စွမ်း အမျိုးအစားတစ်ခုဖြစ်သည့် အမြင်အာရုံချို့တဲ့သူ မသန်စွမ်းများအတွက် မျက်မမြင်လက်စမ်းစာအုပ် (Braille)ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)တို့ ပူးပေါင်းထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံအနေဖြင့် ထောက်ခံခဲ့သည့် နိုင်ငံဖြစ်**

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဆိုသည့် စာသားဖြင့် အစပြုခဲ့ပြီး လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အလေးပေးထင်ဟပ် ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် ပြီးခဲ့သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့မှစတင်ပြီး ယခုနှစ် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံး ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များကို 75 UDHR Campaign အမည်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ရာ နိုင်ငံတိုင်းသည် တက်ကြွစွာဖြင့် UDHR အသိပညာပေးလှုပ်ရှားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြမည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သမိုင်းဝင်ကြေညာစာတမ်းကြီးကို ထောက်ခံခဲ့သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် “ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည် သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွှယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများနှင့်အတူ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်း” ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းပါ ကောက်နုတ်ချက်ဖြင့် နိဂုံးချုပ်ရင်း ပြည်သူအားလုံး လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။ ။




■ **ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာခြင်းသည် လူသားများ၏ အရေးကြီးဆုံး သမိုင်းမှတ်တိုင်တစ်ရပ်၊ လူသားများ၏ သမိုင်းဝင်လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်၊ ကြေညာစာတမ်းဖြစ်သည့်အတွက် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ စံနှုန်းများပါဝင်ပြီး လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုတို့ကို အသိအမှတ်ပြုထားသည့် ကြေညာစာတမ်းကြီးဖြစ်ရာ ကမ္ဘာကြီးတွင် ဤကြေညာစာတမ်းကို လူသားအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန်အလို့ငှာ ဘာသာပြန်ဆိုကြရာတွင် ဘာသာစကားပေါင်း ၅၀၀ ကျော် ဘာသာပြန်ဆိုပြီးဖြစ်**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ကမ္ဘောဒီးယားဗဟိုဘဏ် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ကမ္ဘောဒီးယားဗဟိုဘဏ်မှ နှစ်နိုင်ငံငွေပေးချေမှုစနစ် ချိတ်ဆက်ရေးဆိုင်ရာ လာရောက်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ လက်ရှိဆောင်ရွက်နေသော ငွေပေးချေမှုစနစ်၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်



# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၆**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၂၁ ပါတီဖြစ်၍ စုစုပေါင်း ၂၇ ပါတီ ဖြစ်ပါသည်။ ယင်း ၂၇ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၇ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၀ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လသာအောက်လမ်း၊ အမှတ် (၆၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ အလံပုံစံ**




**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉) လမ်း၊ အိမ်အမှတ်(၁၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ အလံပုံစံ**



**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ (၈)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၅၄) တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ အလံပုံစံ**



**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း)ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (သိန်းနီဟော်နန်း)ကို



ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သိန်းနီဟော်နန်း ဖြစ်မြောက်ရေး ကော်မတီ ဦးဆောင်နာယက ဆရာတော်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက အဆိုပါ သိန်းနီဟော်နန်းတော်သို့ သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ဆရာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သိန်းနီဟော်နန်း ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆောင်ရွက်ခဲ့ရာ ဟော်နန်း ပြန်လည်တည်ဆောက်မှု ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီမှ အဖွဲ့ဝင်များ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သိန်းနီဟော်နန်း ဖြစ်မြောက်ရေးကော်မတီဦးဆောင် နာယက ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက သိန်းနီဟော်နန်း ပြန်လည်တည်ဆောက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် သိန်းနီမြို့အဝင်ရှိ သိန်းနီနောင်ကန်တော်ကြီးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟော်နန်းတည်ဆောက်ရေးနှင့် သိန်းနီနောင်ကန်တော်ကြီးနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော မြို့များမှသည် စမတ်မြို့များဆီသို့

**ခေတ်၏ တောင်းဆိုမှုအရ မြို့ပြများသည် နေထိုင်ရှင်သန်မှုစနစ် ပြောင်းလဲရန် လိုအပ်နေပြီ ဖြစ်သည်။ မြို့ကြီးများတွင် လူနေထိုင်မှု တိုးတက်များပြားလာခြင်းသည် တစ်ဖက်မှ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ရှင်သန်ရပ်တည်နိုင်ရန် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်စေသည်။ မြို့ပြနေထိုင်သူများသည် နေ့စဉ်ရှင်သန်နေထိုင်ရေးတွင် နေပျော်ဖွယ်ကောင်းသော ပတ်ဝန်းကျင်တစ်ခုကို လိုလားတောင့်တလာကြသည်။ မိုးလင်းမိုးချုပ် ရှင်သန်လှုပ်ရှားနေရသော မြို့ပြလူနေမှုစနစ်အတွက် အလွယ်တကူရယူနိုင်သည့်ဝန်ဆောင်မှုကို ပိုမိုမက်မောလာကြသည်။**

**မိုးမိုးလှိုင်မြင့်(မြို့ပြ)**

အမှိုက်ကင်းစင်သော မြို့ပြဝန်းကျင်၊ ယာဉ်ကြောကျပ်တည်းမှုမရှိသော လမ်းများ၊ သန့်ရှင်းသန့်ရပ်သော အပန်းဖြေ ရှုခင်းသာ၊ စောင့်ဆိုင်းစရာမလိုအပ်ဘဲ လွယ်လင့်တကူ ပေးဆောင်နိုင်သည့် အခွန်အခစနစ်၊ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် အွန်လိုင်းပေးချေမှုများ၊ အချိန်နှင့် တစ်ပြေးညီပေးနိုင်သည့် သတင်းအချက်အလက်စနစ်၊ ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုတို့ကို ရရှိခံစားခြင်းဖြင့် မြို့ပြ၏မွန်းကျပ်မှုကို ကျော်လွှားသွားလိုကြသည်။ ကမ္ဘာ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်းသည် မြို့ကြီးများတွင် နေထိုင်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၆၈ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က လေ့လာခန့်မှန်းထားသည်။

### စမတ်မြို့များ ပြောင်းလဲဖန်တီးလာ

သို့အတွက် သက်ဆိုင်ရာအစိုးရများသည် အများပြည်သူဝန်ဆောင်မှုကို နည်းပညာသုံးပြီး လွယ်လွယ်ကူကူ ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကို စဉ်းစားလာကြသည်။ မြို့ပြ၏ မွန်းကျပ်ရှုပ်ထွေးသည့် လူနေမှုစနစ်ကို လွယ်ကူရိုးရှင်းသော၊ သန့်ရှင်းသော၊ ခေတ်မီသောအသွင်ပုံစံဖြင့် အစားထိုးနိုင်ရန် ကြိုးပမ်းလာကြသည်။ ထိုသို့ဖန်တီးတည်ဆောက်ရာတွင် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ အရင်းအမြစ်များ၏ လုံခြုံရေးနှင့် ကာဗွန်လျှော့ချရေးတို့ကို ဆန်းသစ်တီထွင်သော နည်းပညာအသုံးပြုခြင်းဖြင့် ရလဒ်ကောင်းများဖော်ဆောင်နိုင်ရန် ဘက်စုံထောင့်စုံမှ လေ့လာသုံးသပ်ကာ စနစ်တကျဖြစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြို့ပြလူနေမှုစနစ်ကို လွယ်ကူရိုးရှင်းသော၊ သန့်ရှင်းသော၊ ခေတ်မီသော အသွင်ပုံစံဖြင့် ဖော်ဆောင်ထားသည့် စမတ်မြို့များအဖြစ် ပြောင်းလဲဖန်တီးလာကြသည်။

"စမတ်မြို့"များ၏ အနှစ်သာရမှာ မြို့များကို ရေရှည်တည်တံ့ခိုင်မြဲပြီး စိမ်းလန်းစိုပြည်စေခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဆန်းသစ်တီထွင်သော စီးပွားရေးနှင့် ပိုမိုကောင်းမွန်သော လူမှုဘဝအရည်အသွေးကို ဖန်တီးပေးခြင်းပင်ဖြစ်သည်။

### ကမ္ဘာကျော်စမတ်မြို့ကြီးများ

ကမ္ဘာ့နိုင်ငံများသည် စမတ်မြို့သစ်များ တည်ထောင်ခြင်းနှင့် မြို့များကို စမတ်မြို့များအဖြစ် အသွင်ပြောင်းခြင်းတို့ကို လျင်လျင်မြန်မြန် လုပ်ဆောင်လာကြသည်။ စင်ကာပူနိုင်ငံ စင်ကာပူမြို့၊ ဖင်လန်နိုင်ငံ ဟယ်စင်ကီမြို့၊ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့၊ နော်ဝေနိုင်ငံ အော့စလိုမြို့၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တို့သည် ကမ္ဘာကျော်စမတ်မြို့ကြီးများ ဖြစ်လာသည်။


စင်ကာပူနိုင်ငံ၏ စမတ်စီးတီး

အာဆီယံဒေသတွင်း၌လည်း စမတ်မြို့များ ဖော်ဆောင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ဆောင်နေပြီဖြစ်သည်။ ဘုံဦးတည်ချက်သည် မြို့ပြများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည်။ အာဆီယံစမတ်မြို့များ ကွန်ရက်ကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီး စမတ်မြို့များအဖြစ် မြို့များအချင်းချင်း ပူးပေါင်းအကောင်အထည်ဖော်ရန်နှင့် ရှေ့ပြေးစီမံကိန်းအနေဖြင့် အာဆီယံနိုင်ငံများအတွင်း မြို့ပေါင်း ၂၆ မြို့ကို ရွေးချယ်ထားပြီးဖြစ်သည်။

### အရှေ့တစ်ခုဆီသို့ ဦးတည်

မြန်မာနိုင်ငံရှိ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စသည့် မြို့သုံးမြို့ကို စမတ်မြို့များအဖြစ် အကောင်အထည်ဖော်ရန် ရွေးချယ်ထားပြီးဖြစ်သည်။ မြို့များ၏ တည်နေရာ၊ လူမှုစီးပွားအခြေအနေ၊ ဝန်ဆောင်မှုများအရ ဦးစားပေးလုပ်ဆောင်ရမည့် စီမံချက် (Action Plan) များမှသည် တိုးတက်ပြောင်းလဲမှု အရှေ့တစ်ခုဆီသို့ ဦးတည်နေပြီဖြစ်သည်။

စမတ်မြို့ဟုဆိုရာတွင် မြို့တစ်မြို့နှင့် တစ်မြို့သည် ပုံဖော်ဆောင်ရွက်ပုံချင်း တူညီမှုမရှိနိုင်ပေ။ မြို့တစ်မြို့၏ တည်ရှိနေသည့် လူနေမှုစနစ်ပေါ်တွင် လိုက်ပါလုပ်ဆောင်ပေးရခြင်း ဖြစ်သည့်အတွက် မည်သို့မျှ ထပ်တူကျနိုင်မည်မဟုတ်ပေ။ ထို့အတူ ဖွံ့ဖြိုးပြီးနိုင်ငံများမှ မြို့ကြီးများကဲ့သို့ ပြီးပြည့်စုံသော စမတ်မြို့များကို အားကျအတုယူပြီး ထပ်တူဆောင်ရွက်ရန်လည်း မဖြစ်နိုင်ပေ။ တည်ရှိနေသည့် ရေမြေ၊ တောတောင်သဘာဝနှင့် လူမှုစီးပွားဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး ဦးစားပေးလုပ်ဆောင်မှုများသည် ကွဲပြားနေမည်ဖြစ်သည်။ အားသာချက်များကို အခြေခံ၍ တိုးတက်စေခြင်း၊ အားနည်းချက်များကို ပြုပြင်ခြင်းမှသည် အခွင့်အလမ်းတစ်ခုဆီသို့ ချဉ်းကပ်လျှောက်လှမ်းရင်း ပုံဖော်ရမည်ဖြစ်သည်။

### သန့်ရှင်းသောမြို့များ

စမတ်မြို့များဆီသို့ လျှောက်လှမ်းရာတွင် အဓိက အခြေခံမဏ္ဍိုင် သုံးခုမှာ သန့်ရှင်းမှု၊ စိမ်းလန်းစိုပြည်မှုနှင့် နည်းပညာအသုံးပြုမှုပင် ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ သန့်ရှင်းမှု၊ စွန့်ပစ်အညစ်အကြေးများဆိုင်ရာ စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု၊ စိမ်းလန်းမြေများတည်ရှိမှု၊ ကျန်းမာရေးနှင့်မြို့ပြများ ဘေးအန္တရာယ်ကင်းလုံခြုံမှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများနှင့်ဝန်ဆောင်မှု စသည့်အခြေခံ (၇)ရပ်အပေါ် မူတည်ပြီး ရွေးချယ်ခြင်းဖြစ်သည်။

"သန့်ရှင်းခြင်း" ဟူသည် ပတ်ဝန်းကျင်သို့ စွန့်ပစ်အညစ်အကြေးများ ထုတ်လွှတ်မှုလျော့နည်းစေခြင်းကို ရည်ညွှန်းခြင်းဖြစ်ပြီး လူသားများအတွက် သန့်ရှင်းသော မြေ၊ လေ၊ ရေနှင့် သမုဒ္ဒရာတို့နှင့်အတူ ကျန်းမာသန်စွမ်းသော လူမှုဘဝများကို ဆောင်ကြဉ်းပေးနိုင်ခြင်းဖြစ်သည်။

### သန့်ရှင်းသောမြို့များဖော်ဆောင်ခြင်း

စမတ်မြို့များ ဖော်ဆောင်ရာတွင် အခြေခံဖြစ်သည့် သန့်ရှင်းသောမြို့များ ဖြစ်လာစေရန် ဦးတည်ဖော်ဆောင်ကြသည်။ ထို့အတွက် စနစ်တကျရှိသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများသည် အရေးအကြီးဆုံးဖြစ်လာသည်။ မြို့များ၏ မြေအသုံးချမှုစီမံကိန်းပုံစံများ၊ ဇုန်အလိုက် ခွဲခြားသတ်မှတ်သည့် စီမံကိန်းပုံစံများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများကို ရေးဆွဲထားရှိရန် လိုအပ်ပြီး အဆိုပါစီမံကိန်းပုံစံများအတိုင်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများအဖြစ် တည်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြို့၏ ပထဝီဝင်အနေအထား၊ မြို့၏ သဘာဝအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ် အသုံးချနိုင်မှု၊ လက်ရှိလူဦးရေ၊ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုပေးနိုင်မှု၊ အနာဂတ်တိုးပွားလာမည့် လူဦးရေအတွက် ကြိုတင်ပြင်ဆင်ထားရမည့် မြေအသုံးချမှုနှင့် လျာထားရမည့် လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ထိန်းသိမ်းစောင့်ရှောက်ရမည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင် စသည်တို့ကို စနစ်တကျ လေ့လာဆန်းစစ်၍ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့်၊ ကြံ့ခိုင်သည့် မြို့ပြများအဖြစ် ဖော်ဆောင်သွားရမည် ဖြစ်ပါသည်။

ထို့အတူ သန့်ရှင်းသောမြို့များအဖြစ် ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုသည် အရေးပါသည့် အချက်တစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်ခံစားရနိုင်မှု အခြေအနေကို စဉ်ဆက်မပြတ် ထည့်သွင်းဖြေရှင်းခြင်းပင်။ မြေထု၊ ရေထု၊ လေထုနှင့် အသံညစ်ညမ်းမှုတို့အတွက် လက်ခံခွင့်ပြုနိုင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဖြင့် စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း၊ လိုက်နာမှုမရှိပါက သတိပေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ထိန်းညှိသွားရမည်ဖြစ်သည်။

အများနှင့်သက်ဆိုင်သည့် နေရာများဖြစ်သည့် သတင်းအချက်အလက်စင်တာများ၊ လမ်းမကြီးနှင့် ဆက်စပ်လမ်းများ၊ သစ်ပင်ပန်းမန်များ၊ အပန်းဖြေရန် ရုပ်ရှင်ရုံ၊ ပန်းခြံ၊ ရေကန်ကြီးများနှင့် အားကစားလှုပ်ရှားမှုနေရာများ၊ ဈေးများ၊ ကုန်တိုက်ကြီးများနှင့် စီးပွားရေး ဆိုင်ရာနေရာများ၊ အများသုံး သန့်စင်ခန်းများ စသည်တို့တွင် သန့်ရှင်းသပ်ရပ်စေရေးအတွက် အမှိုက်စွန့်ပစ်ရန် နေရာနှင့်အမှိုက်ပုံးများကို လိုအပ်ချက်နှင့်အညီ ပေးစွမ်းနိုင်ရမည်ဖြစ်သည်။ မြို့ကြီး၊ မြို့ငယ်များတွင် အများပြည်သူများအတွက် စိမ်းလန်းသည့် မြက်ခင်းပြင်နှင့် ပန်းခြံများ၊ အားကစားကွင်းများ၊ သစ်တောဥယျာဉ်များကို မြို့၏အကျယ်အဝန်းနှင့်လိုက်လျောညီထွေရှိစေရန် *စာမျက်နှာ ၉ သို့*

> **ကမ္ဘာ့နိုင်ငံများသည် စမတ်မြို့သစ်များ တည်ထောင်ခြင်းနှင့် မြို့များကို စမတ်မြို့များ အဖြစ် အသွင်ပြောင်းခြင်းတို့ကို လျင်လျင်မြန်မြန် လုပ်ဆောင်လာကြသည်။ စင်ကာပူနိုင်ငံ စင်ကာပူမြို့၊ ဖင်လန်နိုင်ငံ ဟယ်စင်ကီမြို့၊ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့၊ နော်ဝေနိုင်ငံ အော့စလိုမြို့၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တို့သည် ကမ္ဘာကျော်စမတ်မြို့ကြီးများ ဖြစ်လာ**

# နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာစေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ကြရမည်

**နေပြည်တော် မတ် ၁၆**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို မတ် ၁၅ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားရာတွင် နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် After Care Services များကိုလည်း ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေး၊ ထုတ်လုပ်မှုများမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးဇေယျာလင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီ နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အောင်ကို**

**(ပြန်/ဆက်)**



*စာမျက်နှာ ၈ မှ*

ထည့်သွင်းတည်ဆောက်ကာ ပြည်သူလူထု အလွယ်တကူ ဝင်ထွက်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားရမည် ဖြစ်သည်။

ထို့ပြင် လူနေအိမ်များ၊ စက်ရုံများ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်အညစ်အကြေးများဖြစ်သည့် ရေဆိုးများ၊ အမှိုက်များကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရမည်ဖြစ်သည်။ ရေဆိုးများကို သန့်စင်ပြီးမှ ရေနုတ်မြောင်းများသို့ စွန့်ပစ်ခြင်း သို့မဟုတ် မြေယာ ရှုခင်းများတွင် ပြန်လည်အသုံးပြုခြင်း၊ အမှိုက်များကို စနစ်တကျ သိမ်းဆည်းခြင်းနှင့် ပြန်လည်အသုံးပြုရန်ခွဲခြားခြင်း၊ သဘာဝမြေဩဇာနှင့် စွမ်းအင်ထုတ်လုပ်ခြင်း စသည်ဖြင့် စွန့်ပစ်ပစ္စည်းများ လျှော့ချပေးနိုင်ရေးကို ဦးတည်သည့်စီမံခန့်ခွဲမှုများ လိုအပ်ပါသည်။

ထိုသို့သော စီမံခန့်ခွဲမှုများအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့၏ ဝန်ဆောင်မှုပေးခြင်းနှင့် မလုံလောက်ဘဲ ပြည်သူတစ်ဦးချင်းစီ၏ အပြုအမူ၊ အလေ့အထ၊ စည်းကမ်းရှိမှုနှင့် လိုက်နာဆောင်ရွက်မှုတို့ဖြင့် အမြဲတစေ ပူးပေါင်းဖော်ဆောင်ပေးနေရမည်ဖြစ်ပါသည်။

သို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးကြီးမှု၊ အကျိုးရလဒ်များ၊ ပတ်ဝန်းကျင်ပျက်စီးပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို အသိပညာပေးခြင်း၊ ဗဟုသုတဖြန့်ဝေခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ခြင်းဖြင့် ပြည်သူများ ပါဝင်မှုရရှိအောင် ကြိုးပမ်းနေရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းနေအရွယ်မှ စတင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို သင်ကြားပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြတိုက်များကို မြို့ကြီးများရှိ အများပြည်သူများ လက်လှမ်းမီကြည့်ရှုနိုင်မည့်နေရာများတွင် ဖွင့်လှစ်ထားခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ (ဈေး၊ ရုပ်ရှင်ရုံ၊ အားကစားကွင်း၊ ပန်းခြံနှင့် အပန်းဖြေနေရာများ) တွင် အသိပညာပေးဆိုင်းဘုတ်များ၊ ပိုစတာများ ချိတ်ဆွဲထားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်နှင့် ရုပ်မြင်သံကြားတို့မှ အခါအားလျော်စွာ ပညာပေးကာတွန်းများနှင့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ပေးခြင်း၊ ဟောပြောပွဲများ၊ ပြပွဲများ၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးခြင်း၊ ဌာနဆိုင်ရာများ အထူးသဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့များက ဦးဆောင်၍ မြို့မိ၊ မြို့ဖများနှင့် မြို့နေပြည်သူလူထု ပူးပေါင်းပါဝင်သည့် မြို့သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းဆောင်တာများဖြင့် ထိရောက်မှုရှိစေရန် ဖော်ဆောင်သွားရမည်ဖြစ်သည်။

ယင်းအချက်များအပြင် ကျန်းမာရေးကဏ္ဍအတွက် မြို့တစ်မြို့ရှိ လူဦးရေအတွက် လုံလောက်သောဆေးရုံ၊ ဆေးပေးခန်းနှင့် ဆရာဝန်အရေအတွက် ရှိရန် လိုအပ်သည့်အပြင် ဝန်ဆောင်မှုကို လူတိုင်းလက်လှမ်းမီနိုင်သည့် နေရာအကွာအဝေးရှိရမည် ဖြစ်သည်။ ကျန်းမာရေးဆိုရာတွင် ဆေးကုသမှု တစ်ခုတည်းသာမဟုတ်ဘဲ မြို့သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ဗဟုသုတရှိရန်လည်း လိုအပ်သည်။




**စိမ်းလန်းသောမြို့များ**

စမတ်မြို့များ ဖော်ဆောင်ရာတွင် ဒုတိယ အခြေခံအချက်တစ်ခုဖြစ်သည့် စိမ်းလန်းသောမြို့များအဖြစ် တည်ရှိရေးကို ကြိုးပမ်းဖော်ဆောင်ရမည်ဖြစ်သည်။ စိမ်းလန်းသောမြို့များဟု ခေါ်ဆိုရာတွင် သစ်ပင်များနှင့် သစ်တောများ ပေါများစွာ တည်ရှိနေခြင်း တစ်မျိုးတည်းကို ရည်ရွယ်ခြင်း မဟုတ်ပါ။ သဘာဝအရင်းအမြစ်များဖြစ်သည့် မြေထု၊ ရေထု၊ လေထု သန့်ရှင်းစေခြင်းနှင့်အတူ ၎င်းတို့ကို မှီခိုအားထားနေသည့် လူသားတို့၏ အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် စား၊ ရေ၊ ရိက္ခာဆိုင်ရာ လုံခြုံစိတ်ချမှုရှိရန် ဟူသည့် အချက်များလည်း ပါဝင်သည်။ ဂေဟစနစ်များကို မပျက်စီးမယိုယွင်းစေရန် ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် လူမှုစီးပွားရေးဆိုင်ရာ အကျိုးရလဒ်ကို များစွာတိုးပွားစေနိုင်သည်။

မြို့များကို စိမ်းလန်းစိုပြည်သည့်မြို့များ ဖြစ်လာစေရန် ကောင်းမွန်သောမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ လူမှုစီးပွားနယ်ပယ်အမျိုးမျိုးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့ပါးစေမည့် ဆန်းသစ်တီထွင်မှုများကို စနစ်တကျဆောင်ရွက်လာခြင်းတို့သည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတိုးတက်စေရေး (GDP) တစ်ခုတည်းသာမက နိုင်ငံသားများ၏ လူမှုစီးပွားနှင့် လူနေထိုင်မှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေသည်။

ထိုသို့ စိမ်းလန်းသောမြို့များ သို့မဟုတ် အစိမ်းရောင်မြို့များအဖြစ် အကောင်အထည်ဖော်ရာတွင် ကာဗွန်ထွက်ရှိမှုလျော့နည်းသည့် သယ်ယူပို့ဆောင်ရေးသည် အဓိကကျသည်။

ကာဗွန်လျှော့ချနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် နိုင်ငံတကာတွင် Transit Oriented Development (TOD) ကို အသုံးပြုလျက်ရှိရာ အဆိုပါစနစ်မှာ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဖြစ်သည့် မော်တော်ကား၊ မီးရထားတို့နှင့် သွားလာမှုတို့ကို ချိတ်ဆက်ထားပြီး စီးပွားရေးဆိုင်ရာနေရာများ၊ ရုံးခန်းများ၊ အပန်းဖြေနေရာများကို စနစ်တကျထည့်သွင်း၍ လူနေရပ်ကွက်များ၊ စက်ရုံအလုပ်ရုံများနှင့်ချိတ်ဆက်ထားသော ကျစ်လျစ်သောရောထွေးအသုံးပြုမှု (Compacted Mix-used) ပင်ဖြစ်သည်။

နေ့စဉ် ဆက်သွယ်သွားလာမှုအကွာအဝေးကို လျှော့ချပေးနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်း၊ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်း၊ နေထိုင်မှုဘဝအရည်အသွေး တိုးတက်လာခြင်း၊ နေပျော်ဖွယ်ကောင်းသော မြို့ပြဖြစ်ထွန်းလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

အလားတူ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည့် လျှပ်စစ်ကား၊ စက်ဘီးနှင့် ဆိုင်ကယ်များ အသုံးပြုခြင်း၊ ဇီဝဓာတ်ငွေ့နှင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ သုံးယာဉ်များကိုအသုံးပြုသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်နှင့် လူသွားလမ်းများ၊ စက်ဘီးလမ်းများကို လမ်းမများတွင် ထည့်သွင်းပေးခြင်းသည်လည်း ပတ်ဝန်းကျင်ကိုအထောက်အကူပြုစေသည်။

စွမ်းအင်ကို အနည်းဆုံးနှင့်ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် အဆောက်အအုံဒီဇိုင်းများရေးဆွဲရာတွင် အလင်းရောင်ရရှိမှု၊ လေဝင်လေထွက်ကောင်းမွန်မှု၊ စိမ်းလန်းမြေ ပါဝင်မှုတို့ကို အဓိကထားပြီး လိုအပ်သော စွမ်းအင်အတွက် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေစွမ်းအင်ရရှိနိုင်မှု၊ လေစွမ်းအင်ရရှိမှု၊ ရေရရှိနိုင်မှု၊ စွန့်ပစ်ရေကို သန့်စင်နိုင်မှုနှင့် ပြန်လည်အသုံးပြုမှု၊ တည်ဆောက်မှု ကုန်ကျစရိတ်ခံနိုင်ရေးအတွက် တည်ဆောက်ရေးဆိုင်ရာ အသုံးပြုသည့်ပစ္စည်းများ ဈေးကွက်အတွင်း အလွယ်တကူရရှိနိုင်မှုတို့ကိုပါ ထည့်သွင်းဖော်ဆောင်သွားရမည်ဖြစ်သည်။

ထို့ပြင်အမြဲတစေ ထည့်သွင်းစဉ်းစားရမည့်အချက်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ တောမီးလောင်ခြင်း ကဲ့သို့သော သဘာဝဘေးဒဏ်နှင့် ထိခိုက်ခံစားရမှုတို့ကို လျှော့ချပေးနိုင်သည့် ကြံ့ခိုင်သောအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလည်း ပါဝင်သည်။

စမတ်မြို့များ ဖော်ဆောင်ရာတွင် အဓိကကျသည့် သန့်ရှင်းသော၊ စိမ်းလန်းသောမြို့များ ဖြစ်စေရေးကို နည်းပညာ၏ အခန်းကဏ္ဍကများစွာ အထောက်အပံ့ပြုလျက်ရှိသည်။ မြို့ပြလူနေမှုစနစ်၏ ထိုထိုသော အကြောင်းအရာများကို အလွယ်တကူ ကျော်လွှားဖြေရှင်းပေးနိုင်ရန် နည်းပညာ၏အခန်းကဏ္ဍသည် မေ့ထား၍ မရပေ။ သို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ(ICTs) အသုံးပြုမှုကို အစဉ်ဂရုပြုနေရမည်ဖြစ်သည်။ နည်းပညာများ အသုံးပြု၍ အလွယ်တကူ ဖြေရှင်းပေးနိုင်ခြင်းသည် ပြည်သူလူထုပူးပေါင်းပါဝင်မှုအားကို မြင့်တက်စေသကဲ့သို့ အစိုးရအနေဖြင့် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်စွမ်းကို သိသာပေါ်လွင်စေသည်။

သို့ဖြစ်ရာ စိမ်းလန်းစိုပြည်ခြင်းနှင့် သန့်ရှင်းခြင်းတို့သည် အပြန်အလှန်အကျိုးပြုနေသော အကြောင်းအရာများဖြစ်ပြီး အေးချမ်းသာယာသောလူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် စမတ်မြို့များအဖြစ် အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံးဖြစ်သော သန့်ရှင်းမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို အတိုင်းအတာတစ်ခုအထိ ရရှိထားပြီဆိုပါက ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ကာ စမတ်မြို့များအဖြစ်သို့ တက်လှမ်းနိုင်ရန်မှာ မဝေးတော့ပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၆**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးမြေများ မလျော့ပါးစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်သည့်အတွက် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှုများအပေါ် စိစစ်ဆောင်ရွက်ရာတွင် ဒေသဝမ်းစာဖူလုံရေးအတွက် လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများ မပါဝင်စေရေးကို ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် အများပြည်သူများ အကျိုးငှာ ဆောင်ရွက်ရသောလုပ်ငန်းများ၌ ပါရှိသွားသော လယ်ယာမြေများအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း နစ်နာကြေး၊ လျော်ကြေး လျင်မြန်စွာ ပေးချေနိုင်ခြင်းဖြင့် မြေယာပိုင်ရှင် တောင်သူလယ်သမားများအတွက် ဥပဒေအရ ပေးအပ်ထားသော ရပိုင်ခွင့်များ နှောင့်နှေးမှုမရှိ ခံစားနိုင်ကြရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းလုပ်ငန်းများ နှောင့်နှေးမှုမရှိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နစ်နာကြေး၊ လျော်ကြေးပေးချေနိုင်ရေး စိစစ်တွက်ချက်ဆောင်ရွက်ရာတွင် လယ်ယာမြေပေါ်တွင် စိုက်ပျိုးထားသော သီးနှံများအတွက်ကိုသာ ထည့်သွင်း တွက်ချက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စားကျက်မြေ၊ လ/န -၃၉ ခွင့်ပြုမိန့်ရရှိထားသည့်မြေ၊ မြို့မြေ၊ ရွာမြေ၊ မြေလွတ်၊ မြေရိုင်း စသည့် လယ်ယာမြေနှင့် အကျုံးမဝင်သော မြေမျိုးများပေါ်တွင် စိုက်ပျိုးထားသောသီးနှံများ ပါဝင်မှုမရှိစေရေး အထူးဂရုပြုစိစစ်တွက်ချက်ပြီး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ပေးလျော်ရမည့် မြေအမျိုးအစား မှန်ကန်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း။

အလားတူ ကာယကံရှင်များသို့ လျော်ကြေး၊ နစ်နာကြေး ပေးချေပြီးပါက သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ငန်းအလိုက် မြေအမည်ပေါက် ပိုင်ဆိုင်ရယူနိုင်ရေးကို တစ်ဆက်တည်းဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ နောင်တချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေယာအရှုပ်အရှင်း ပြဿနာများမှ ကင်းဝေးစေမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မြေကြီးမြေပုံ စာရင်းဇယားမှန်ကန်ရေး လုပ်ငန်းရပ်ကို ဆောင်ရွက်နိုင်မည်ဖြစ်၍ မြေအမည်ပေါက် ပိုင်ဆိုင်ရယူနိုင်ရေး လုပ်ငန်းစဉ်များ ပြီးဆုံးသည်အထိ တိတိကျကျ ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်ဦးက နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သိမ်းယူခြင်းခံရသည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးများကို တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ထောက်ခံတင်ပြလာသော လုပ်ငန်းစာတွဲများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်တင်ပြလာသော လုပ်ငန်းစာတွဲများ၊ အစည်းအဝေးတွင် စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကို ဖတ်ကြားတင်ပြရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့များက လုပ်ငန်းတစ်ခုချင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရရှိပြီးသူများအနေဖြင့်လည်း ခွင့်ပြုချက် ရရှိပြီးနောက် ခွင့်ပြုသည့်နေရက်မှ ခြောက်လအတွင်း လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါက လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က စိစစ်ပြီးလယ်ယာမြေဥပဒေပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြန်လည်ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှုများ တိုးပွားဖြစ်ထွန်းရေး ကြိုးပမ်းစွမ်းဆောင်



**ရန်ကုန် မတ် ၁၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (ရန်ကုန်) ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများက စီမံကိန်း အောင်မြင်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းပူးပေါင်းဆောင်ရွက်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား အင်တာပရိုက်များသို့ နည်းပညာလွှဲပြောင်းပေးမှု၊ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံလုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုနှင့် ဓာတ်ခွဲခန်း စမ်းသပ်ခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံ့ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အားထားရသည့် နိုင်ငံတကာ အဆင့်မီ သုတေသနဌာနဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည့် စွမ်းရည်မြင့် သုတေသီရင်းမြစ်များ မွေးထုတ်နိုင်စေရေးနှင့် သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှုများ တိုးပွားဖြစ်ထွန်းရေး ကြိုးပမ်း စွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အီလက်ထရောနစ်နည်းပညာ သုတေသနဗဟိုဌာနရှိ ရေဒါနည်းပညာဆိုင်ရာ သုတေသနဓာတ်ခွဲခန်းတွင် မြေပြင်အခြေစိုက်ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာစမ်းသပ်လေ့လာခြင်း၊ မိုက်ခရို အီလက်ထရောနစ်နည်းပညာ စမ်းသပ်လေ့လာခြင်းနှင့် ရေဒါစနစ်ကို ဒီဇိုင်းရေးဆွဲပြီး Software ဖြင့် ပုံစံတူပြုလုပ်၍ စမ်းသပ်လေ့လာခြင်း၊ အမျိုးသားဓာတ်ခွဲခန်းရှိ အီလက်ထရွန် အသုံးပြု၍ အဏုစိပ်ဓာတ်ခွဲတိုင်းတာခြင်း၊ ဓာတုဓာတ်ခွဲဌာန၊ ဒြပ်စင်ဓာတ်ခွဲဌာန၊ ဒြပ်ပစ္စည်းဂုဏ်သတ္တိ တိုင်းတာစမ်းသပ်ရေးဌာန၊ ဒြပ်ပစ္စည်းဓာတ်ခွဲဌာန၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် တိကျစွာတိုင်းတာမှု နည်းပညာသိပ္ပံ (မြန်မာ) ရှိ နိုင်ငံတကာအသိအမှတ်ပြု ISO/IEC 17025:2017 လက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းနှင့် အခြားဓာတ်ခွဲခန်းများ၊ အစားအစာ ဆန်းသစ်တီထွင်မှုဌာန၊ ဓာတုနည်းပညာ သုတေသနဗဟိုဌာနတို့ရှိ သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စွန့်ဦးတီထွင်မှုများ၊ ပြည်တွင်းထုတ်ကုန်များ တိုးပွားလာစေရန် လိုအပ်သည့်နည်းပညာများ လွှဲပြောင်းခြင်းနှင့် ဖြန့်ဝေခြင်းများ တိုးမြှင့်နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ တက္ကသိုလ်များနှင့် ကွန်ရက်ချိတ်ဆက်၍ Internship ကျောင်းသားများအား ပိုမိုလက်ခံရန်နှင့် သုတေသနလုပ်ငန်းများကို ထိရောက်ပီပြင်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ကွာတားဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကျော့အဝေးကွင်းတွင် ဖရန့်ဖတ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရထားသော နာပိုလီအသင်းသည် ယခုဒုတိယအကျော့အိမ်ကွင်းတွင်လည်း တိုက်စစ်ခြေစွမ်းပြကာ ထပ်မံဂိုးပြတ် နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အသင်းအတွက် သွင်းဂိုးများကို အဓိကတိုက်စစ်ကစားသမား အိုစင်မန်နှင့် ဇီလင်စကီးတို့က သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ်နှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ရီးရဲမက်ဒရစ်အသင်း နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် အနိုင်ရရှိရေး ရီးရဲမက်ဒရစ်အသင်းကို ပွဲစတင်သည်နှင့်တစ်ပြိုင်နက် ဖိအားပေး ကြိုးစားလာခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် အခက်တွေ့ခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် အဓိကတိုက်စစ် ကစားသမား ဘင်ဇီမာ သွင်းယူပေးနိုင်ခဲ့သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ နာပိုလီ၊ ရီးရဲမက်ဒရစ်အသင်းတို့နှင့်အတူ ဘိုင်ယန်မြူးနစ်၊ ချယ်ဆီး၊ မန်စီးတီး၊ ဘင်ဖီကာ၊ အင်တာမီလန်နှင့် အေစီမီလန် အသင်းတို့ တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

# နွေသီးနှံရေပေးဝေရေးအတွက် ဥတ္တရသီရိမြို့နယ် ရေအသုံးချသူတောင်သူအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ဥတ္တရသီရိ မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်) မှ ရေအသုံးချသူ တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ဥတ္တရသီရိမြို့နယ်အနေဖြင့် တောက်ပြိုတမံရေသောက်စနစ်နှင့် ဆင်လူးငန်းစပ်ကန် ရေသောက်စနစ်တို့တွင် မြောင်းအလိုက် ဖွဲ့စည်းထားသော ရေအသုံးချသူ တောင်သူ (WUG) ခြောက်ဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင် တောင်သူ ၁၀၉ ဦးတို့၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းပါဝင်မှုတို့ကြောင့် (၂၀၂၂-၂၀၂၃) မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆောင်းသီးနှံအနေဖြင့်လည်း ဆည်ရေသောက်အတွင်း ၁၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆင်လူးငန်းစပ် ကန်ရေသောက်စနစ်တွင် နွေစပါးဧက ၆၀ လျာထားရာ ဧက ၇၀ အထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် ဥတ္တရသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသော မြို့နယ်ရေအသုံးချသူများအဖွဲ့က မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များအား ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာဟိန်း(ပြန်/ဆက်)**

# ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက်

**သတင်းထုတ်ပြန်ချက်အမှတ် (၃ /၂၀၂၃)**

၁။ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဆိုသည့် စာသားဖြင့် အစပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ကို နိုင်ငံများနှင့် လူသားအားလုံးတို့ ဆောင်ရွက်ရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်အဖြစ် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင် "လူတိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဤကြေညာစာတမ်းကို အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်" ဟုဖော်ပြပါရှိရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူများ သိရှိနားလည်စေရေး နည်းလမ်းအမျိုးမျိုး အသုံးပြု၍ အသိပညာပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါ လှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ၊ ဌာနတွင်း လူ့အခွင့်အရေးအသိပညာပေးသင်တန်း အပါအဝင် သင်ခန်းစာပို့ချမှုများတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းကို အဓိကဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်း၍ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ကာလအထိ အစဉ်တစိုက် ဟောပြောပို့ချမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုကာ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့်အပြင် ကြေညာစာတမ်းပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အလွယ်တကူလက်လှမ်းမီ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာ စုစုပေါင်း (၂၁) မျိုးအထိ ဘာသာပြန်ဆို ပုံနှိပ်ဖြန့်ချိခြင်း၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူ အလွယ်တကူလက်လှမ်းမီ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပိုစတာအား ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အိတ်ဆောင်စာအုပ်အား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အသီးသီး ပုံနှိပ်ဖြန့်ချိခြင်း၊

(ဃ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အမြင်အာရုံ မသန်စွမ်းသူများ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မျက်မမြင်လက်စမ်းစာအုပ် (Braille) အား မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်) နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခြင်း။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေးထင်ဟပ် ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံးကို ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များအား "75 UDHR Campaign" အမည်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ "75 UDHR Campaign" တွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကယားပြည်နယ် လွိုင်ကော်ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၁၆**





လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများကို အဆိုပါရုံး၌ တွေ့ဆုံအမှာစကားပြောကြားပြီး ၁၃၂ ကေဗွီ လွိုင်ကော် ပင်မဓာတ်အားခွဲရုံကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာကပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအားလုံး မိသားစုသဖွယ် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ဓာတ်အား ပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်၊ ဘဏ္ဍာရေးကဏ္ဍ အထူးဂရုပြု ဆောင်ရွက်သွားရန်မှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကယားပြည်နယ်အတွင်းရှိ ၁၃၂ ကေဗွီ၊ ၁၁၀ အမ်ဗွီအေ လွိုင်ကော် ပင်မဓာတ်အားခွဲရုံသို့ သွားရောက်စစ်ဆေးရာ ခေတ္တခွဲရုံမှူးနှင့် တာဝန်ရှိသူများက ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်း စစ်ဆေးဆောင်ရွက်ရန်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး၊ လုံခြုံရေးအသိ၊ သတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင် ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Switch Yard အတွင်း ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

**မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့မှ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် သာယာဝတီခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီများသို့ ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်ရုံးခွဲ၌ ပြုလုပ်သည်။**



အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ကြက်ခြေနီ အရေးပေါ်လူနာတင်ယာဉ်စနစ်ကို မိမိတို့မြို့နယ်အတွင်းရှိ ရပ်ရွာလူထုနာမကျန်းဖြစ်သည့်အခါ အကူအညီပေးရန်၊ မတော်တဆ ထိခိုက်မှုများအတွက် အရေးပေါ်ကူညီရန်၊ လူနာတင်ယာဉ် ဝန်ဆောင်မှုအတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေပါကြောင်း၊ လွှဲပြောင်းပေးသော ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ်များကို ရပ်ရွာလူထုအတွက် ထိထိရောက်ရောက် စနစ်တကျ အသုံးပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Movement Cooperation Coordinator Ms.Bonny Foo က အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် သာယာဝတီခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီများသို့ ကြက်ခြေနီ အရေးပေါ်လူနာတင်ယာဉ် နှစ်စီးကို လွှဲပြောင်းပေးအပ်ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွက် ကြက်ခြေနီ အရေးပေါ်လူနာတင်ယာဉ် နှစ်စီးကို ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရပ်ရွာလူထုအတွင်း ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ် အကူအညီ လိုအပ်သူများကို စဉ်ဆက်မပြတ် အကူအညီပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ်ဖြင့် အကူအညီပေးခြင်း ၂၁၃၇၆ ကြိမ် ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းအောင်(ကြက်ခြေနီ)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့နယ် ရေစက်ရုံအမှတ်(၅)ဖွင့်ပွဲနှင့် ပျော်ဘွယ်မြို့နယ် ယင်းတော်လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲသို့ တက်ရောက်ပြီး မိတ္ထီလာခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မန္တလေး မတ် ၁၆**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိတ္ထီလာမြို့နယ် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ရေစက်ရုံအမှတ်(၅)ဖွင့်ပွဲနှင့် ပျော်ဘွယ်မြို့နယ် ယင်းတော် လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများကို မတ် ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရေစက်ရုံ အမှတ်(၅) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာမြို့ ဈေးအရှေ့ပြင်၊ သီရိမင်္ဂလာ၊ ရန်မျိုးအောင်နှင့် အောင်ဇေယျာရပ်ကွက်များသို့ တစ်ရက်လျှင် ရေဂါလန် ခုနစ်သိန်းနှစ်သောင်း ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း၊ မိတ္ထီလာကန် သန့်ရှင်းသာယာလှပရေးနှင့် ရေအရင်းအမြစ်များ အလေအလွင့်မရှိစေရေး သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက မိတ္ထီလာကန်မှ ရေဖြန့်ဖြူးပေးနေမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံကိုဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ရေစတင်ဖြန့်ဖြူးပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ပျော်ဘွယ်မြို့နယ်ရှိ ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေ ယင်းတော်လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

၎င်းနောက် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုဖွင့်လှစ်လိုက်သည့် ဓာတ်အားခွဲရုံမှ ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာပေါင်း ၃၃ ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကျန်ရှိနေရာများကိုလည်း အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က MSME လုပ်ငန်းရှင်များ၏ ကြုံတွေ့နေသည့် အခြေအနေများကို သိရှိရန်နှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တောင်သူ၊ လုပ်ငန်းရှင်၊ ပညာရှင်၊ ဌာဆိုင်ရာ အများစုပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက် အောင်မြင်လာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာစက်မှုဇုန်ရှိ ဆန်စက်လုပ်ငန်းရှင် ဦးအောင်ဇင်မင်းထိုက်၏ အောင်သစ္စာဆန်စက်၊ ဝမ်းတွင်းမြို့နယ်တွင် အသေးစား၊ အလတ်စား၊ လုပ်ငန်းရှင်များ စုပေါင်းတည်ထောင်ထားသည့် Leaders Of Textile Public ကုမ္ပဏီ၏ ချည်ဆေးဆိုးစက်ရုံနှင့် ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာရှိ ဦးသန်းထွန်း၏ ငါးမွေးမြူရေးလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိ

**နေပြည်တော် မတ် ၁၆**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦး ရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၈ ခု စာစစ်ဌာန စုစုပေါင်း ၇၇၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၉၄၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

**ဘာသာရပ်-ပထဝီဝင်** ရက်စွဲ၊ ၁၆ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၁ | ၅၈၂ | ၂၈၀၅ | ၃၃၈၇ | ၅၅၅ | ၂၅၄၇ | ၃၁၀၂ | ၂၇ | ၂၅၈ | ၂၈၅ | ၉၁.၅၉% | ၈.၄၁% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၁၇၂ | ၂၈၉ | ၄၆၁ | ၁၆၄ | ၂၅၇ | ၄၂၁ | ၈ | ၃၂ | ၄၀ | ၉၁.၃၂% | ၈.၆၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၂၂၅ | ၃၄၉ | ၅၇၄ | ၂၀၀ | ၂၈၃ | ၄၈၃ | ၂၅ | ၆၆ | ၉၁ | ၈၄.၁၅% | ၁၅.၈၅% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၄၂၇ | ၁၅၈၇ | ၂၀၁၄ | ၃၇၈ | ၁၂၈၄ | ၁၆၆၂ | ၄၉ | ၃၀၃ | ၃၅၂ | ၈၂.၅၂% | ၁၇.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၀ | ၅၀ | ၈၂၂ | ၄၁၇၁ | ၄၉၉၃ | ၇၇၆ | ၃၅၆၃ | ၄၃၃၉ | ၄၆ | ၆၀၈ | ၆၅၄ | ၈၆.၉၀% | ၁၃.၁၀% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၅ | ၁၂၆ | ၂၅၄ | ၃၈၀ | ၁၁၄ | ၂၁၁ | ၃၂၅ | ၁၂ | ၄၃ | ၅၅ | ၈၅.၅၃% | ၁၄.၄၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၉ | ၁၉၅ | ၅၇၂ | ၇၆၇ | ၁၈၈ | ၄၈၀ | ၆၆၈ | ၇ | ၉၂ | ၉၉ | ၈၇.၀၉% | ၁၂.၉၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၀ | ၃၃၆ | ၈၄၁ | ၁၁၇၇ | ၃၁၄ | ၇၂၃ | ၁၀၃၇ | ၂၂ | ၁၁၈ | ၁၄၀ | ၈၈.၁၁% | ၁၁.၈၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၄၈ | ၁၁၅ | ၁၉၃၉ | ၂၀၅၄ | ၁၁၂ | ၁၇၀၅ | ၁၈၁၇ | ၃ | ၂၃၄ | ၂၃၇ | ၈၈.၄၆% | ၁၁.၅၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၈၆ | ၂၆၀ | ၂၀၂၇ | ၂၂၈၇ | ၂၅၁ | ၁၈၀၇ | ၂၀၅၈ | ၉ | ၂၂၀ | ၂၂၉ | ၈၉.၉၉% | ၁၀.၀၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၇ | ၂၇၈ | ၃၇၉ | ၆၅၇ | ၂၆၅ | ၃၄၄ | ၆၀၉ | ၁၃ | ၃၅ | ၄၈ | ၉၂.၆၉% | ၇.၃၁% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၄၅ | ၂၃၁ | ၇၀၈၆ | ၇၃၁၇ | ၂၁၈ | ၆၁၇၁ | ၆၃၈၉ | ၁၃ | ၉၁၅ | ၉၂၈ | ၈၇.၃၂% | ၁၂.၆၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၆၉ | ၉၉ | ၂၁၅၆ | ၂၂၅၅ | ၉၅ | ၁၇၄၂ | ၁၈၃၇ | ၄ | ၄၁၄ | ၄၁၈ | ၈၁.၄၆% | ၁၈.၅၄% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၅၁ | ၄၂၄ | ၉၁၉ | ၁၃၄၃ | ၄၀၆ | ၇၇၅ | ၁၁၈၁ | ၁၈ | ၁၄၄ | ၁၆၂ | ၈၇.၉၄% | ၁၂.၀၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၁၉ | ၁၂၃ | ၃၃၈ | ၄၆၁ | ၁၁၁ | ၂၈၂ | ၃၉၃ | ၁၂ | ၅၆ | ၆၈ | ၈၅.၂၅% | ၁၄.၇၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၈ | ၈ | ၂၀ | ၁၂၀ | ၁၄၀ | ၁၉ | ၈၈ | ၁၀၇ | ၁ | ၃၂ | ၃၃ | ၇၆.၄၃% | ၂၃.၅၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၆ | ၆၁၄၂ | ၆၈၃၅ | ၁၂၉၇၇ | ၅၇၆၄ | ၅၉၃၀ | ၁၁၆၉၄ | ၃၇၈ | ၉၀၅ | ၁၂၈၃ | ၉၀.၁၁% | ၉.၈၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | | ၁၆၉၈ | ၁၆၉၈ | | ၁၄၉၃ | ၁၄၉၃ | ၀ | ၂၀၅ | ၂၀၅ | ၈၇.၉၃% | ၁၂.၀၇% | |
| ၁၉ | နိုင်ငံခြား | | | ၁ | | ၂ | ၂ | | ၂ | ၂ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၂ | ၃၀၅ | ၇၇၉ | ၁၀၅၇၇ | ၃၄၃၆၇ | ၄၄၉၄၄ | ၉၉၃၀ | ၂၉၆၈၇ | ၃၉၆၁၇ | ၆၄၇ | ၄၆၈၀ | ၅၃၂၇ | ၈၈.၁၅% | ၁၁.၈၅% | |

**မှတ်ချက်။** - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၄၊၅၊၆၊၇) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးသေဆုံး၊ အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်သို့ ဆေးကုသရန် သွားရောက်သည့် မော်တော်ယာဉ် တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်သည့်အတွက် အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် ရေးမြို့နယ် ကျောင်းရွာကျေးရွာနေ ဦးလွင်မိုးအေးသည် ၎င်း၏ညီမဖြစ်သူ မဇင်မိုးအေးနှင့် တူဖြစ်သူ မောင်အောင်ဇာနည်ဟိန်း ရှစ်နှစ်တို့နှင့်အတူ ရေးမြို့တွင် ဆေးကုသရန်သွားရောက်စဉ် ကံလှကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးလွင်မိုးအေးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မဇင်မိုးအေးနှင့် မောင်အောင်ဇာနည်ဟိန်း တို့တွင် ကျည်ထိမှန်ဒဏ်ရာများ အသီးသီး ရရှိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ သည် ဆိုင်ကယ်များဖြင့် စုံပဒေါက်ကျေးရွာဘက်သို့ မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် သေဆုံးသူ၏ ရုပ်အလောင်းအား ရေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ဒဏ်ရာရ လူနာနှစ်ဦးအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရေးမြို့နယ် ကံလှကျေးရွာအနီး PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံ။

ရေးမြို့နယ် ကံလှကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်ပြပုံ




| ရည်ညွှန်းချက် | |
|---|---|
| ● | ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ |

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းလှရပ်ကွက်နေ ရဲနိုင်သည် ၎င်းအသုံးပြုသည့် "Ye Naing" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ ဇော်မျိုး(ခ)ချိုကြီးသည် ၎င်းအသုံးပြုသည့် "Zaw Myo ZM" Facebook အကောင့်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်နေ ရဲဇော်ထွေး(ခ) ဇော်ဇော်(ခ) ကိုတိုး သည် ၎င်းအသုံးပြုသည့် "Ye Zaw Mgy" Faebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့နှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မြစ်ကြီးနားမြို့နှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ မြို့ပတ်လမ်းတွင် ဇော်ရှိန်း မောင်းနှင်ပြီး ချူလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဇော်ရှိန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု (၁၃)မိုင် ကျေးရွာအနီးတွင် ကျ၀(ခ)ဒါဝေ့ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ဇော်ရှိန်း နှင့် ချူလင်း တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လာမည့်နှစ်များအတွင်း ဘရူနိုင်းတွင် စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ထုတ်လုပ်မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၄၀ အထိ ရရှိရန် မျှော်မှန်း

**ဘန်ဒါဆရီဘီဂါဝန် မတ် ၁၆**

ဘရူနိုင်းနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍမှာ တိုးမြင့်လာပြီး လာမည့်နှစ်အနည်းငယ်အတွင်း ဘရူနိုင်းဒေါ်လာ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ သန်း ၇၄၀) ရရှိရန် မျှော်မှန်းထားကြောင်း မူလအရင်းအမြစ်နှင့် ခရီးသွားလာရေးဝန်ကြီး ဟာဂျီ အက်ဒယ် မာနက်ဖ်က ပြောကြားသည်။



**ပြီးခဲ့သည့်နှစ်က ဘရူနိုင်းဒေါ်လာ ၈၅၇ သန်းအထိ တိုးလာ**

စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍမှ ၂၀၂၁ ခုနှစ်က ဘရူနိုင်းဒေါ်လာ ၇၈၁ သန်းရရှိရာမှ ပြီးခဲ့သည့်နှစ်က ဘရူနိုင်းဒေါ်လာ ၈၅၇ သန်းအထိ တိုးလာကြောင်း ဝန်ကြီးက ပြောကြားသည်။

ဘရူနိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ကြက်ဥကဲ့သို့သော ထုတ်ကုန်များကို စင်ကာပူနိုင်ငံသို့ စတင် တင်ပို့ခဲ့ကြောင်း ဝန်ကြီးက ပြောကြားသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ လက်ထပ်သည့် စုံတွဲဦးရေ ၂၀၂၂ ခုနှစ်တွင် စံချိန်တင်လျော့ကျ

**ဆိုးလ် မတ် ၁၆**

လက်ထပ်ခြင်းအပေါ် အယူအဆများ ပြောင်းလဲသွားခြင်းနှင့် လက်ထပ်နိုင်သည့် အသက်အရွယ်ရှိသော လူဦးရေလျော့ကျခြင်းတို့ကြောင့် ပြီးခဲ့သည့်နှစ်အတွင်း တောင်ကိုရီးယားတွင် လက်ထပ်သည့် စုံတွဲဦးရေမှာ စံချိန်တင် ကျဆင်းခဲ့သည်ဟု စာရင်းအင်းရုံးမှ မတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၂၂ ခုနှစ်အတွင်း လက်ထပ်သည့်ဦးရေမှာ ၁၉၁၇၀၀ ရှိပြီး ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းမှ စတင်ကာ အဆိုပါအရေအတွက်မှာ အနိမ့်ဆုံးဖြစ်သည်ဟု ကိုရီးယားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။



နေအိမ်စရိတ် ကြီးမားခြင်း၊ ကလေး ပြုစုပျိုးထောင်ရာတွင် စရိတ်ကြီးမြင့်မှုနှင့် လူငယ်အလုပ်လက်မဲ့ဦးရေ မြင့်မားလာသည့်အတွက် လူငယ်မျိုးဆက်များမှာ လက်ထပ်ခြင်းနှင့် ကလေးယူခြင်းတို့ကို ရှောင်ရှားလာသည်။ အသက် ၂၅နှစ်မှ ၄၉ နှစ်အတွင်း လူဦးရေ လျော့ကျလာသည်မှာ ၁၁နှစ်ဆက်တိုက်ရှိပြီဖြစ်သည်ဟု စာရင်းဇယားများအရ သိရသည်။

နိုင်ငံခြားအိမ်ထောင်ဖက်နှင့် လက်ထပ်သည့် ဦးရေမှာ ပြီးခဲ့သည့်နှစ်အတွင်း ၂၇ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ထိုစဉ် ကွာရှင်းသည့်စုံတွဲဦးရေမှာ ၂၀၂၂ ခုနှစ်တွင် ၉၃၂၀၀ ရှိသည်။ ကွာရှင်းသည့်ဦးရေ လျော့ကျလာသည်မှာ သုံးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ **ဆင်ဟွာ**

# ကိုလံဘီယာနိုင်ငံ၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် ၁၁ ဦးသေဆုံး၊ ၁၀ ဦး ပျောက်ဆုံးနေ

**ဘိုဂိုတာ မတ် ၁၆**

ကိုလံဘီယာနိုင်ငံ ကွန်ဒီနာမာကာ၌ မတ် ၁၅ ရက်ညက ကျောက်မီးသွေးတွင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၁၁ ဦးထက်မနည်း သေဆုံးကာ အခြား ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းအာဏာပိုင်များကမတ် ၁၅ ရက်တွင် ပြောကြားသည်။

ပိတ်မိနေသူများကို အသက်ရှင်လျက် ကယ်ဆယ်ရန် ကွန်ဒီနာမာကာ အစိုးရနှင့်အတူ အစွမ်းကုန်ကြိုးစားနေကြောင်း ကိုလံဘီယာသမ္မတ ဂတ်စ်တာဗိုပက်ဒရိုက တွစ်တာတွင် ပြောကြားသည်။

နိုင်ငံတော်၊ ဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက ပိတ်မိနေဆဲဖြစ်သည့် သတ္တုတွင်းအလုပ်သမားများကို ကယ်ဆယ်ရန် ဆက်လက်လုပ်ဆောင်နေကြောင်း၊ သတ္တုတွင်း အလုပ်သမား ကိုးဦးကို ယူဘိတ်ဆေးရုံတွင် ဆေးကုသမှုပေးပြီး ၎င်းတို့ထဲမှ ခြောက်ဦးမှာ ဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်ကြောင်း ကွန်ဒီနာမာကာပြည်နယ် အုပ်ချုပ်ရေးမှူး နီကိုလတ်စ် ဂါစီယာဘတ်စ်တိုက လူမှုကွန်ရက် မီဒီယာတွင် ပြောကြားသည်။ **ဆင်ဟွာ**



ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။

# တရုတ်နိုင်ငံ၌ ဆေးစစ်မှုခံယူပြီးနောက် ကမ္ဘောဒီးယားဘုရင် နေအိမ်သို့ ပြန်လည်ရောက်ရှိ

**ဖနောင်ပင် မတ် ၁၆**

တရုတ်နိုင်ငံပေကျင်းမြို့၌ ပုံမှန်ဆေးစစ်မှုအတွက် တစ်လကျော်ကြာနေထိုင်ပြီးနောက် ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် ဆီဟာမိုနီသည် ၎င်း၏မိခင်ဖြစ်သူ မိဖုရားဟောင်း နိုရိုဒွန် မွန်နက်နီဆီဟာနေ့ခ်နှင့်အတူ မတ် ၁၆ ရက်တွင် ကမ္ဘောဒီးယားသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တော်ဝင်မိသားစုကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချို ဟွန်ဆန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝုန်ဝမ်ရှင်တို့က ကြိုဆိုခဲ့ကြသည်။ ထို့ပြင် အခြားသောအဆင့်မြင့်အရာရှိကြီးများလည်း ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယားဘုရင် ပြန်လည်ရောက်ရှိလာခြင်းကို ကမ္ဘောဒီးယားအမျိုးသားရုပ်သံ(တီဗွီကေ)၊ ဝန်ကြီးချုပ်၏ တရားဝင်ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့် ဖရက်နယူးစ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်ဟု သိရသည်။ ကမ္ဘောဒီးယားဘုရင်သည် ပေကျင်းမြို့တွင် ကျန်းမာရေးစစ်ဆေးရန် တစ်နှစ်လျှင် နှစ်ကြိမ် တရုတ်ဆရာဝန်များနှင့် ပြသလေ့ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# အီရတ်နိုင်ငံမြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား၊ ခုနစ်ဦး သေဆုံး

**ဘဂ္ဂဒက် မတ် ၁၆**

အီရတ်နိုင်ငံမြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ယာဉ်ပေါ်ပါခရီးသည်အားလုံး သေဆုံးသွားကြောင်း ဒေသတွင်းအကြမ်းဖက်မှုနှိမ်နင်းရေးဝန်ဆောင်မှု(စီတီအက်စ်) က မတ် ၁၆ ရက်တွင် ပြောကြားသည်။

ယူရိုကော့တာ အေအက်စ် ၃၅၀ ရဟတ်ယာဉ်သည် ဒုဟိုးပြည်နယ်အတွင်း ကျေးရွာတစ်ခုအနီး၌ မတ် ၁၅ ရက်ည ၈ နာရီ မိနစ် ၄၀ တွင် ပျက်ကျခဲ့ကြောင်း ကာဒက်ရှ်စီတီအက်မှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် ရေနံမြေအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်ကြောင့် အဆိုပါနေရာ၌ ထိခိုက်မှုမရှိခဲ့ကြောင်း သတင်းရင်းမြစ်များအရ သိရသည်။ **ဆင်ဟွာ**



# အာဖဂန်ဒုက္ခသည် ၄၉၈၆ ဦး အီရန်မှ နေရပ်သို့ပြန်

**ကဘူးလ် မတ် ၁၆**

ပြီးခဲ့သည့်နှစ်ရက်အတွင်း အာဖဂန်နစ္စတန်မှ ဒုက္ခသည်ပေါင်း ၄၉၈၆ ဦးမှာ အိမ်နီးချင်းအီရန်နိုင်ငံမှ ၎င်းတို့၏ နေရပ်သို့ ပြန်သွားခဲ့သည်ဟု အာဖဂန်နစ္စတန်ရှိ ဒုက္ခသည်များဆိုင်ရာဝန်ကြီးဌာနက မတ် ၁၆ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နေရပ်ပြန်သည့် လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေပြီး ပြီးခဲ့သည့် ခြောက်လအတွင်းအာဖဂန် ဒုက္ခသည်ပေါင်း ၂၈၀၀၀၀ မှာ နေရပ်သို့ ပြန်သွားခဲ့ကြောင်း ကြေညာချက်အရ သိရသည်။ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခိုလှုံနေသည့် အာဖဂန်နိုင်ငံသားများ နေရပ်ပြန်လာကြရန်လည်း အာဖဂန်အိမ်စောင့်အစိုးရက ပြန်ခေါ်ထားသည်။ အီရန်နိုင်ငံတွင် အာဖဂန်ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်းနေထိုင်လျက်ရှိပြီး ပါကစ္စတန်တွင် ခိုလှုံနေသည့် အာဖဂန်အရေအတွက်မှာလည်း ယင်းအတိုင်းပင်ဖြစ်သည်။ **ဆင်ဟွာ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိ

**(၁၆–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၁၈,၃၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၅၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇–၃–၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၀ | ၂၁၄၀ | ၂၁၅၅ | ၂၀၅၀ | ၂၀၅၅ | ၂၀၉၅ | ၂၀၉၅ | ၂၀၉၅ | ၂၃၂၅ | ၂၈၁၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၃၀ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၅ | ၂၄၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၃၂၃၀ |
| HSD (10 ppm) | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၃၂၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၄ | ၁၉၇၅ |
| 95 Ron | ၁၉၈၇ | ၂၀၆၀ |
| HSD (500 ppm) | ၁၉၁၉ | ၁၉၈၆ |
| HSD (50 ppm) | ၁၉၉၂ | ၂၀၆၂ |
| HSD (10 ppm) | ၁၉၉၂ | ၂၀၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အရှေ့တောင်အာရှဒေသများ၏ သံနှင့် သံမဏိလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၁၆**

အရှေ့တောင်အာရှဒေသများရှိ သံနှင့် သံမဏိလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံနှင့်သံမဏိထုတ်လုပ်သူများ၊ ရောင်းဝယ်သူကုမ္ပဏီများ၏ အခက်အခဲများကို ကူညီဖြေရှင်းရန်နှင့် သတင်းအချက်အလက်များမျှဝေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းက ဦးဆောင်ပြီး "The South East Asia Iron & Steel Institute (SEAISI) 2023 Travelling Seminar" ကို မတ်လ ၁၅ ရက်က ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သံနှင့် သံမဏိလုပ်ငန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီဖြင့်ပြည်တွင်းအရင်းအမြစ်များကိုအသုံးပြု၍ သံမဏိထုတ်လုပ်နိုင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်တိုင်ပေ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်တို့မှ လုပ်ငန်းဆိုင်ရာ ပညာရှင်များက သံနှင့် သံမဏိလုပ်ငန်းဆိုင်ရာ နည်းပညာများ၊ သံမဏိထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရန်၊ သဘာဝဝန်းကျင်ကောင်းများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ အခမ်းအနားအတွင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က အရှေ့တောင် အာရှနိုင်ငံများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ပါဝင်သည့် ဆွေးနွေးပွဲကို ယခုကဲ့သို့ ကျင်းပနိုင်သည့် မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းကို မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ယူပါကြောင်း၊ အသင်းဝင်များအတွက် လုပ်ငန်းနှင့် သတင်းအချက်အလက်များ ပိုမိုပြည့်စုံ တိုးပွားစေရေးအတွက် နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးခွင့်၊ ပညာရပ်အတွေ့အကြုံ ဗဟုသုတ ဖလှယ်ခွင့်ရရှိစေသည့် Travelling Seminar များလည်း အထူးလိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းဥက္ကဋ္ဌ ဒေါက်တာကေသီလွင်က အသင်းဖြစ်ပေါ်လာပုံ၊



ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။

ဆွေးနွေးပွဲကို ယခုနှစ်မတ်လအတွင်း အရှေ့တောင်အာရှ ခုနစ်နိုင်ငံတွင် အစီအစဉ်တကျ ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံမတိုင်မီတွင် မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ကျင်းပခဲ့ပြီးဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျင်းပပြီးသည့်နောက် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရိုး**

## အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းအတွက် ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၁၆**

ACMECS–ROK ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် "ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း" အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကြိုညှိနှိုင်း အစည်းအဝေးကို မတ် ၁၅ ရက်က မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းအတွက် ရေးဆွဲထားသည့် အဆိုပြုလုပ်ငန်းစီမံချက် (Work Plan) အရ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ စီမံကိန်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များကို ဆွေးနွေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ဒုတိယအကြိမ် အစည်းအဝေးကို မကြာမီဆက်လက် ကျင်းပသွားမည်ဖြစ်ရာ အုန်းသီးမှတစ်ဆင့် တန်ဖိုးမြှင့်ပြည်တွင်း ထုတ်ကုန်များကို စနစ်တကျထုတ်လုပ်နိုင်မည့် အလားအလာကောင်းများပင် ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ကိုရိုး**

## ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် အလုပ်သမားများစေလွှတ်

**အင်ချွန်း မတ် ၁၆**

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှတစ်ဆင့် EPS စနစ်ဖြင့် အလုပ်သမားများ စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာသံရုံးက သတင်းထုတ်ပြန်ထားသည်။

ကုန်ထုတ်လုပ်သားသစ် ၂၉ ဦး၊ CBT ကုန်ထုတ်လုပ်သားသုံးဦး၊ စိုက်ပျိုး/မွေးမြူရေးလုပ်သားသစ် ၅၅ ဦး၊ ဆောက်လုပ်ရေးလုပ်သားသစ် ၂၈ ဦး စုစုပေါင်း ၁၁၅ ဦးသည် မတ် ၁၄ ရက်က ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆိုခဲ့ပြီး အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားခဲ့ကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။



ကိုရီးယားသမ္မတနိုင်ငံရှိ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများတွင် မြန်မာအလုပ်သမားများအား ကျွမ်းကျင်ဂဟေလုပ်သားများအဖြစ် E–7–3 ဗီဇာဖြင့် စေလွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် Samsung Heavy Industries တွင် လုပ်ကိုင်မည့် မြန်မာဂဟေလုပ်သား ၁၇ ဦးကိုလည်း ယခုလ ၁၂ ရက်က ပို့ဆောင်ပေးခဲ့သည်။

**ကိုရိုး**

## ကုန်သွယ်ရေးပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် မန်းကုန်သည်/စက်မှုအသင်း တရုတ်နိုင်ငံသို့ သွားရောက်လေ့လာ

**မန္တလေး မတ် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲမှ တာဝန်ရှိသူများ၏ ဖိတ်ကြားချက်အရ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူများက ကုန်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သွားရောက်လေ့လာဆွေးနွေးလျက်ရှိကြောင်း သိရသည်။

### ကုန်စည်စီးဆင်းတင်ပို့မှုများ ရှင်းလင်းပြသ

မတ်လ ၁၃ ရက်က မူဆယ်–နမ့်ခမ်း ကုန်သည်အသင်းတာဝန်ရှိသူက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းငွေနှင့် အဖွဲ့ဝင် CEC / EC များအား မူဆယ် (၁၀၅) မိုင်ဇုန် ဖရဲသခွားအစုံ Export– Import ကုန်သွယ်ရေးစခန်း၌ ကုန်စည်စီးဆင်း တင်ပို့နေမှုများကို ရှင်းလင်းပြသခဲ့သည်။

### စမ်းသပ်ဇုန်စီမံကိန်း ပြခန်းများ

မတ် ၁၄ ရက်တွင် တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲမှ ဖိတ်ခေါ်မှုအရ တရုတ်နိုင်ငံ မူဆယ်–ရွှေလီ နယ်စပ်ဂိတ်စခန်းမှ ပြည်ဝင်ရွှေလီ ဂိတ်စခန်းသုံးခု၊ ကျယ်ခေါင်ကျောက်မျက်ဈေး၊ ရွှေလီမြို့ နိုင်ငံတော် အလေးပေး စီးပွားရေးတံခါးဖွင့် စမ်းသပ်ဇုန်စီမံကိန်း ပြခန်းများသို့ သွားရောက်လေ့လာခဲ့ကြပြီး အစိုးရတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

### ကုန်စည်ပို့ဆောင်ရေး ဥယျာဉ်ဇုန်

မတ်လ ၁၅ ရက်တွင် ရွှေလီမြို့ စက်မှုဇုန် ကုန်စည်ပို့ဆောင်ရေးဥယျာဉ်ဇုန်သို့ MRCCI ဥက္ကဋ္ဌဦးဝင်းငွေနှင့် CEC/EC များ လုပ်ငန်းကဏ္ဍအရ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ သွားရောက်လေ့လာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သီရိ**

## တစ်ပတ်အတွင်း အခြေခံစားကုန်ဈေးကွက်

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်၌ ကြက်ကုတ်ကြက်သွန်ဖြူ၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲခြမ်းတို့ ဈေးမြင့်တက်လာခဲ့သည်။ သကြားနှင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာသည်ကို မြင်တွေ့ရသည်။**

### ဆန်

မတ် ၁၅ ရက် ရန်ကုန်ဆန်ဈေးကွက်၌ သီးထပ်ဆန်ကြမ်းအသစ် လက်ကား တစ်အိတ်လျှင် ကျပ် ၅၂၀၀၀/၅၃၀၀၀၊ ရက် ၉၀ ဆန်ကြမ်းအသစ် တစ်အိတ် ကျပ် ၅၇၀၀၀၊ ပေါ်ကျွဲအသစ် တစ်အိတ် ကျပ် ၆၀၀၀၀/၆၁၀၀၀၊ ငစိန် ဆန်ကြမ်းတစ်အိတ် ကျပ် ၄၉၀၀၀/၅၀၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်း ဆန်သစ် တစ်အိတ် ဈေးနှုန်းများမှာ ဘိုကလေးနယ်ထွက် ကျပ် ၆၈၀၀၀၊ ဖျာပုံနယ်ထွက် ကျပ် ၇၁၀၀၀၊ မြောင်းမြနယ်ထွက် ကျပ် ၇၃၀၀၀၊ ရွှေဘိုနယ်ထွက် ကျပ် ၈၅၀၀၀ နှုန်း ဈေးနှုန်းအသီးသီးရှိနေသည်။

### စားအုန်းဆီ

မတ် ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာ ၄၆၃၅ ကျပ်ဖြစ်ရာ ယခင်အပတ်ထက် ၃၅ ကျပ် ဈေးတက်လာသည်။ ပြည်ပဈေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၅၃ ရှိလာသည်။ ရန်ကုန်ဈေးကွက်တွင် အလှယ်လက်ငင်း လက်ကားပီပါ တစ်ပိဿာဈေးမှာ မတ် ၉ ရက်က ကျပ် ၆၉၀၀ နှုန်း ရှိရာမှ မတ် ၁၄ နှင့် ၁၅ ရက်တွင် ကျပ် ၆၅၀၀ နှုန်းသို့ ဈေးကျဆင်းလာသည်။

### ပဲအမျိုးမျိုး

မတ် ၁၄ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၁၉၆၅၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၂၂၂၅၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၂၂၃၅၀၀၀၊ ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာ ၃၉၁၅ ကျပ်၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၃၅၀–၄၇၀၀ စသည်ဖြင့် ဈေးနှုန်းဖြစ်ပေါ်လျက်ရှိသည်။

### ကြက်သွန်နီ

ရန်ကုန်သို့ မတ် ၁၅ ရက်အထိ ယခုလ ပွဲရုံဖွင့်ရက် ၁၂ ရက်အတွင်း နယ်စုံကြက်သွန်နီ ပိဿာချိန် ၂၅၁၄၀၀၀ ဝင်ရောက်လာရာ တစ်ရက်ပျမ်းမျှအဝင် ပိဿာချိန် ၂၁၀၀၀၀ အထိ အဝင်များပြားလျက်ရှိသည်။ မတ် ၁၅ ရက်တွင် ပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်ခဲ့ပြီး ဆိပ်ဖြူလက်ကားတစ်ပိဿာ ကျပ် ၁၂၅၀ အထိ ဈေးရှိသည်။ မြစ်သားကြက်သွန် တစ်ပိဿာ ကျပ် ၁၈၅၀ မှ ၁၄၀၀ အကြား၊ မုံရွာကြက်သွန် ကျပ် ၁၀၅၀ မှ ၁၂၀၀ ကြား ဈေးရှိခဲ့သည်။

### ကြက်သွန်ဖြူ/အာလူး/ငရုတ်

မတ် ၁၅ ရက်တွင် ရှမ်းဖြူအသစ် လက်ကား တစ်ပိဿာ ကျပ် ၂၃၀၀ မှ ၄၀၀၀၊ ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၄၃၀၀ နှုန်း ရှိလာသည်။ မတ် ၁၅ ရက် ရန်ကုန်အာလူးဈေးကွက်တွင် ဆင်ဖြူကျွန်းအာလူး လက်ကားတစ်ပိဿာ ကျပ် ၁၃၀၀ မှ ၁၉၀၀ အအထိ ဈေးဖွင့်ကြသည်။ ဇန်းမော်အာလူး လက်ကားတစ်ပိဿာ ကျပ် ၁၉၀၀ နှုန်းရှိသည်။ မတ် ၁၅ ရက် ရန်ကုန်ငရုတ်ဈေးကွက်၌ လက်ကားတစ်ပိဿာဈေးနှုန်းများမှာ ပန်းရဲ (စလင်းနယ်ထွက်) ငရုတ်ရှည် ကျပ် ၁၁၅၀၀၊ ဟသ်ာတနယ်ထွက် ပန်းရဲငရုတ်ရှည် ကျပ် ၁၁၀၀၀၊ မြားနီငရုတ်ရှည် ကျပ် ၁၁၀၀၀၊ မိုးထောင်(မအူပင်ရေလဲနယ်ထွက်) ကျပ် ၁၁၅၀၀၊ လေးအိမ်စု မိုးထောင် ကျပ် ၁၃၀၀၀၊ ပျော်ဘွယ်မိုးထောင် ကျပ် ၁၁၅၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ ကျပ် ၁၄၀၀၀–၁၄၅၀၀၊ မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ပွအသစ် ၁၅၀၀၀ ကျပ်နှုန်း အသီးသီး ဈေးနှုန်းရှိနေသည်။

**အောင်ခင်နိုင်**

# တနင်္သာရီတိုင်းဒေသကြီးရှိ ကင်းမွန်ဈေးနှုန်းဈေးကွက်

ကင်းမွန်(ခေါ်) ပြည်ကြီးငါးသည် ရေငန်တွင် အသက်ရှင်နေထိုင်လျက်ရှိပြီး တစ်နှစ်ပတ်လုံး သားပေါက်လေ့ရှိရာ အများအားဖြင့် ရေအပူချိန်တိုးလာချိန်များတွင် ပိုပြီးသားပေါက်လေ့ရှိကြောင်း၊ အသေးဆုံးကင်းမွန်များသည် တစ်နှစ်အရွယ်တွင် မျိုးအောင်ကြပြီး ခန့်မှန်းအားဖြင့် ကင်းမွန်များ၏ သက်တမ်းမှာ သုံးနှစ်သာရှိကြောင်း သိရသည်။ ကင်းမွန်အမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥ ဥနိုင်ကြပြီး ဧပြီ၊ မေလများသည် ကင်းမွန်များ သားပေါက်ရာသီဖြစ်သောကြောင့် ထိုကာလများ၌ ကင်းမွန်ဖမ်းခြင်းကို ရပ်ဆိုင်းထားပြီး သတ်မှတ်ကာလမှအပ ကင်းမွန်များကို အများအားဖြင့် လပြည့်ကျော် ၄ ရက်မှစ၍ ဖမ်းဆီးကြရာ အဓိကအားဖြင့် ဆောင်းဦးအစမှ နွေဦးပေါက်သည်အထိ ဖမ်းဆီးရရှိမှုမှာ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

ကင်းမွန်ကို တနင်္သာရီ၊ ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြိတ်ကျွန်းစုတို့တွင် အများဆုံးတွေ့ရှိရသည့်အပြင် မွန်ပြည်နယ်တို့တွင်လည်း တွေ့ရှိရကြောင်း၊ ဈေးကွက်အနေဖြင့် မြိတ်ဒေသ၌ ဖမ်းဆီးရမိသည့် တစ်လက်မအရွယ်မှ ၁၀ လက်မခန့် အရွယ်အစားရှိသော ကင်းမွန်များကို ပြည်တွင်းနေရာအနှံ့အပြားသို့ ပို့ဆောင်လျက်ရှိပြီး ဈေးကွက်တွင် အရွယ်အစားသုံးမျိုးခွဲခြားကာ နှစ်လက်မနှင့်အောက် အရွယ်အစားရှိသော ကင်းမွန်များကို အခြောက်ပြုလုပ်၍ လည်းကောင်း၊ သုံးလက်မနှင့် အထက် အရွယ်အစားရှိသော ကင်းမွန်များကို ရေခဲရိုက်၍လည်းကောင်း၊ ကင်းမွန်များကို သန့်စင်ပြီး အကွင်းပြုလုပ်၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း အကွင်းလိုက်ပြုလုပ်ထားသော ကင်းမွန်များကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူကြပြီး အကောင်လိုက် ရေခဲရိုက်ထားသော ကင်းမွန်များကို ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



ယခင်က ဈေးကွက်ဝင် ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ရှိရာမှ ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်း မြင့်မားလာခြင်းနှင့် ကင်းမွန်ရရှိမှု နည်းပါးခြင်းတို့ကြောင့် ဈေးကွက်ဝင်ကင်းမွန် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ခန့်အထိ ဈေးပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**DOCA(တနင်္သာရီ)**



# မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ် ၁၃ ရက်အထိ) ပို့ကုန် ၆၉၇ ဒသမ ၆၀၉ ကန်ဒေါ်လာသန်း၊ သွင်းကုန် ၁၂၆၈ ဒသမ ၇၅၈ ကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၉၆၆ ဒသမ ၃၆၇ ကန်ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့သည်။ မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ၁၂-၃-၂၀၂၃ ရက်မှ ၁၃-၃-၂၀၂၃ အထိ ပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်၊ CMP၊ ကြက်သွန်နီ၊ ငါးပိ၊ ပီလောပီနံ၊ ရေထွက်ကုန်ပစ္စည်း၊ ဂေါ်ဖီထုပ်၊ ကွမ်းရွက်၊ မန်ကျည်းသီး၊ မြေပဲဆန်နှင့် အခြားပစ္စည်းတို့ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန် လုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန်လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ အထည်အလိပ်၊ စားသောက်ကုန်၊ ထုပ်ပိုးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကားအပိုပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်သီး၊ စက်ဆီ/ချောဆီနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

၅-၁-၂၀၂၃ ရက်နေ့မှစ၍ မြဝတီကုန်သွယ်မှုလမ်းကြောင်းများ ပုံမှန်ဖြစ်ပေါ်လာပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြောင်းဆန်များ တင်ပို့လာနိုင်ခြင်းနှင့် တရုတ်နှစ်သစ်ကူးနောက်ပိုင်း တစ်ဖက်နိုင်ငံမှ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်းတို့ကြောင့် ဘတ်ဈေးများ တဖြည်းဖြည်းကျဆင်းလျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်သီတင်းပတ်က တစ်ဘတ်လျှင် ၈၂ ဒသမ ၉၉ ကျပ်ခန့် အထိရှိခဲ့ပြီး ယခုသီတင်းပတ်တွင်လည်း ၈၂ ဒသမ ၉၉ ကျပ်ခန့်သာရှိသဖြင့် ဘတ်ဈေးတည်ငြိမ်လျက်ရှိကြောင်း သတင်းရရှိသည်။

# မြိတ်မြို့၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ဒေသမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် မတ် ၁၃ ရက်မှ ၁၅ ရက်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းမှ ပရာကျွတ်ကရီခမ်သို့ ငါးကြိတ်သား ၁၄ ဒသမ ၄ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မြိတ်ဒေသ၏ပို့ကုန်အတွက် အဓိကလုပ်ငန်းဖြစ်သည့် ငါးဖမ်းလုပ်ငန်းရာသီ ရပ်နားတော့မည့်အချိန်ရောက်ရှိမည်ဖြစ်သဖြင့် မတ်လဆန်းပိုင်းမှ စတင်ပြီး ပို့ကုန်တင်ပို့မှုလုပ်ငန်းများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာနိုင်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း သုံးစွဲရန်အတွက် ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းလျက်ရှိသော စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) တင်သွင်းမှုများသည် ငါးဖမ်းလှေများ ရပ်နားစပြုလာပြီဖြစ်သဖြင့် လျော့နည်းကျဆင်းလျက်ရှိသည်။

၂၀၂၃ ခုနှစ် မတ် ၁၅ ရက် ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၃ ဒသမ ၅၀ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၁၅-၃-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆ ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၆၅၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၈၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၀၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၁၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၈၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၇၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၈၂၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၂၀၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၇၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၆၇၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၆၀၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၇၀၀၀ | ၁၈၀၀ | ၇၀၀၀ | ၅၂၀၀ | ၃၆၀၀ | ၃၂၀၀ | ၈၀၀ | ၆၉၀၀ | ၅၇၀၀ | ၅၀၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၇၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၈၂၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၂၈၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၈၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၀၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၁၅၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၃၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၁၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၁၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၀၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၈၂၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၁၃၀၀ | ၅၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၇၇၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၅၆၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၇၇၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၈၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၅၀၀ ကျပ်၊ ငရုတ်ခြောက်တစ်ပိဿာလျှင် မော်လမြိုင်နှင့်မြိတ်တွင် ၁၀၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်နှင့် ထားဝယ်တွင် ၂၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ ပုသိမ်တွင် ၃၀၀ ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၁၅၀၀ ကျပ်၊ သကြား တစ်ပိဿာလျှင် ပဲခူးတွင် ၂၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် ပြည်တွင် ၂၀၀ ကျပ်၊ မန္တလေးတွင် ၁၀၀ ကျပ်၊ ပဲခူးတွင် ၃၀၀ ကျပ်၊ ကြက်သွန်နီတစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀ ကျပ်ဈေးကျခဲ့ပါသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဖြင့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၃ ဦးအား ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများအား မြေပုံမြို့ ဆိပ်ခံတံတားသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၆၉ ဦးအား မြေပုံမြို့ ပညာ့ဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၀၁ ဦး၊ ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၃ ဦး၊ ကလေးရောဂါ ၈၄ ဦး၊ အရိုးရောဂါ ၂၉၄ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၅ ဦး၊ မျက်စိရောဂါ ၂၄၄ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၆၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၀၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ လေးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

ကျွန်တော်တို့က မြေပုံမြို့က အထကကျောင်းသူ၊ ကျောင်းသားဟောင်းများဆိုပြီး ဒီမှာ လာရောက်ကူညီပေးတာပါ။ ကျွန်တော်တို့အဖွဲ့တွေရယ်၊ နောက် ရပ်မိရပ်ဖအဖွဲ့တွေရယ်၊ ဌာနဆိုင်ရာလူကြီးတွေရယ် အကုန်လုံးက ဝိုင်းပြီးတော့ ကျွန်တော်တို့ လိုအပ်တာလေးတွေကို ဖွဲ့စည်းဆောင်ရွက်ပေးနေတာပါ။ ဒီလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့က အများကြီး ဝမ်းသာပီတိဖြစ်မိပါတယ်။ အကုန်လုံးလည်း ဝမ်းသာကြပါတယ်။ ဒီလိုမျိုး နောက်နှစ်တွေမှာလည်း လာရောက် ကုသပေးစေချင်ပါတယ်။



သူနာပြုဆရာမ



ဒေသခံပြည်သူ

ဘာပဲပြောပြော ဒီအချိန်မှာ ဆင်းရဲနေတာလည်းရှိတယ်၊ စာဝတ်နေရေး မပြေလည်တာလည်းရှိတယ်။ ဒီမှာအခမဲ့လာရောက်ကုသပေးနေတာဆိုတော့ ဘာပဲဖြစ်ဖြစ် တော်တော်ဝမ်းသာပါတယ်။ ဒီမှာက အထွေထွေရောဂါ ပုံစံအမျိုးမျိုးဖြစ်ကြတယ်လေ။ ဥပမာ ဆေးရုံမှာအခကြေးငွေနဲ့ပြတဲ့သူတွေက အဆင်မပြေကြတော့ဘူးလေ။ ဒီလိုအခမဲ့လာရောက်ကုသပေးတော့ အကုန်လုံးကဝမ်းသာကြတာပေါ့။ ကျွန်တော်တို့လည်း Volunteer အနေနဲ့ ဝမ်းသာတယ်။ ဆေးကုသဖို့ခံယူတဲ့သူတွေလည်း အကုန်လုံးဝမ်းသာကြတယ်။ ကိုယ့်အနေနဲ့လည်း ဝမ်းသာသလို ဒီမြို့မှာ၊ ဒီနယ်မှာရှိနေတဲ့လူတွေကလည်း ပိုပြီးဝမ်းသာကြပါတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုမျိုး လာရောက်ကုသပေးစေချင်ပါတယ်။ ကျေးဇူးလည်းအထူးတင်ပါတယ်လို့၊ ကျွန်တော်တို့က ဒီမှာ လာရောက်ကုသကြတဲ့ ပါရဂူအဖွဲ့တွေနဲ့ တပ်မတော်သားတွေအကုန်လုံးကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီဆေးကုသခွင့်မှာဆိုရင် ကျွန်မတို့က Pressure တွေတိုင်းပေးတယ်။ လိုအပ်တဲ့နေရာတွေမှာ ဝင်ပြီးကူညီပေးတယ်။ ဒီမှာတော့ ရှိတာပေါ့ စက်ရုံတော့ရှိတယ်။ ဒါပေမယ့် ပြည့်ပြည့်စုံစုံတော့ မရှိဘူးပေါ့။ Dental တွေ၊ Eyes တွေပေါ့၊ အဲဒါတွေဆိုရင် တကယ်လိုအပ်ပါတယ်။ မြို့အနေနဲ့ ကောင်းတယ်လို့မြင်တာပေါ့။ ဒီလိုလာပေးတာတော့ ကောင်းပါတယ်။ တစ်နှစ်တစ်ကြိမ်လောက်ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေတာပေါ့။ တချို့ကလည်း ငွေကြေးအခက်အခဲတွေကြောင့် အခကြေးငွေပေးရတဲ့ ဆေးရုံတွေကို မသွားနိုင်ကြဘူးလေ။ Dental တွေဆိုပိုဆိုးပါတယ်။ သွားပိုးစားတဲ့ ကလေးတွေဆိုရင် ဒီမှာ နုတ်ရတာက အကုန်အဆင်ပြေကြပါတယ်။ မိဘတွေအနေနဲ့လည်း ငွေကြေးကုန်ကျမှုတွေ သက်သာတာပေါ့။ Surgeon တွေရော Dentist တွေရော အစုံပါပဲ။ ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၈ -၃ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၁၁)တွင် ငှက်အစာကျွေးသည့်အိမ်ကို ကိုယ်တိုင်တီထွင်ပြီး ငှက်လေးများကို အစာကျွေးသည့် ဖွေးဥနှင့် ချစ်သွေးတို့ မောင်နှမနှစ်ယောက်အကြောင်းကို တင်ဆက်ထားသည့် "ငှက်ကလေးတွေ အစာကျွေးမယ်" မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊** နိုင်ငံရပ်ခြားတွင်အလုပ်လုပ်၍ ပြန်လာကာ မိဘ၏လယ်ယာမြေများကို ဦးစီးလုပ်ကိုင်ပြီး မိဘကျေးဇူးကိုဆပ်သည့် ကိုကြီးဖြိုး အကြောင်း တင်ဆက်ထားသည့် " ဆုရတီအောင်-ကျေးဇူးတရား" နှစ်မျက်နှာကာတွန်း၊ သချာတော်သော ရွှေဖဲကို သချာဉာဏ်စမ်းမေးခွန်းမေးသည့်အခါ သူ၏တွေးတောမှု ဆင်ခြင်ဉာဏ်ဖြင့် ဖြေသွားပုံအကြောင်းကို တင်ဆက်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ ယင်နားစာများစားမိလျှင် ရောဂါရရှိမှာဖြစ်ပြီး သန့်ရှင်းမှုဖြင့် နေထိုင်စားသောက်လျှင် ရောဂါကင်းရှင်းမည့်အကြောင်း တင်ဆက်ထားသည့် "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး" နှစ်မျက်နှာကာတွန်း၊ လူမှန်လျှင် အကျိုးရှိမည့်အလုပ်ကို အမြဲလုပ်နေရမည်ဟူသော ဗဟုသုတအသိကို စာဖတ်ခြင်းမှ ရရှိသည့်အကြောင်း တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရန် အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ရန်၊ လက်ဆေးရန်နှင့် စည်းကမ်းများကို သတိပြုလိုက်နာစေချင်သည့်အကြောင်း ရေးဖွဲ့ထားသည့် "ကိုဗစ်(၁၉) ရောဂါ" ကဗျာကဏ္ဍ၊ သူ၏စက်ဘီးကို မိုးပေါ်ပျံနိုင်ရန် အတောင်နှင့် စက်တပ်ပေးရမည်ဟု သူငယ်ချင်းကို ဟာသဖြစ်ဖွယ် ပြောကြားထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးတစ်တို" မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၃) ကြိမ်မြောက် ဖီဖာကွန်ဂရက်စ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**ရန်ကုန် မတ် ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ (၇၃) ကြိမ်မြောက် ကွန်ဂရက်စ်ကို မတ် ၁၆ ရက်က ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ပါဝင်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနို ဦးဆောင်သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

(၇၃) ကြိမ်မြောက် ဖီဖာကွန်ဂရက်စ်တွင် တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံများအား အတည်ပြုပြီးနောက် ဖီဖာ၏ မှတ်တမ်းများကို စိစစ်အတည်ပြုရန် စစ်ဆေးမည့်ကိုယ်စားလှယ်များအား ခန့်အပ်အတည်ပြုသည်။ ယင်းနောက် ဖီဖာအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်းများပြုလုပ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ဖီဖာဥက္ကဋ္ဌရာထူး (၂၀၂၃-၂၀၂၇)ကာလ ရွေးကောက်ပွဲပြုလုပ်ခြင်း၊ ဖီဖာတစ်နှစ်တာ Report တင်ပြခြင်း၊ အဆိုပြုလွှာများတင်ပြခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ပြီးနောက် ဥက္ကဋ္ဌ အင်ဖန်တီနိုက နိဂုံးချုပ်အမှာစကားပြောကြားကာ နောက်တစ်ကြိမ်ပြုလုပ်မည့် ဖီဖာကွန်ဂရက်စ်အား သတ်မှတ်သည်။ **ကိုညီလေး၊ ဓာတ်ပုံ-MFF**



## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်များ ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် **သတ္တမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်** ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် သတ္တမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၇၈ ခု စာစစ်ဌာန စုစုပေါင်း ၇၇၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၉၄၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၁၅ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)၏ ဒဂုံမြို့သစ်ခရိုင်ရုံးခန်းဖွင့်

**ရန်ကုန် မတ် ၁၆**

Myanmar International Arbitration Centre (MIAC) Incorporated အသင်းကြီး၏ ဒဂုံမြို့သစ် ခရိုင်ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ် (၂၄၇) (မြေညီထပ်) ၌ ကျင်းပရာ MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမှုဆောင်များ၊ ဒဂုံမြို့သစ်ခရိုင် ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်နှင့် ခရိုင်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားပြီး MIAC (ရန်ကုန်တိုင်းဒေသကြီး) ခရိုင်ရုံးများ ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲညွန့်က ခရိုင်အလုပ်အမှုဆောင်များ ရွေးချယ်ခန့်အပ်မှုများနှင့် ရှေ့ဆက်လက်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် MIAC (ဒဂုံမြို့သစ်ခရိုင်) ဆိုင်းဘုတ်ကို ဆိုင်းဘုတ်တင်ပေးသည်။



ယင်းနောက် MIAC (ဒဂုံမြို့သစ်ခရိုင်) ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်(လှျပ်စစ်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၅၀ စိုက်ပျိုးထုတ်လုပ်ရန် စာချုပ် ချုပ်ဆို

**မြစ်သား မတ် ၁၆**

မြစ်သားမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစီမံကိန်း ဧက ၅၀ အတွက် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးခြင်း အခမ်းအနားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်း ထွန်းကစိုက်ပျိုးထုတ်လုပ်သူတောင်သူနှင့် သွင်းအားစုရောင်းချသူတို့အား ပူးပေါင်းချိတ်ဆက်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများမှ ဆောင်ရွက်ပေးကြောင်း၊ ယခုစီမံကိန်းသည် တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ စပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံး၍ စိုက်ပျိုးထုတ်လုပ်ရန် ပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် စပါးအထွက်တိုးစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်သူနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်နှင့် ဒိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူ ၂၁ ဦးနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ထို့နောက် တောင်သူများအား ချေးငွေကျပ် နှစ်သိန်းနှင့် ညီမျှသော ယူရီးယားဓာတ်မြေသြဇာနှင့် ကွန်ပေါင်းဓာတ်မြေသြဇာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **မောင်ကျော်ကြီး**

## သွေးသည်အသက်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၃ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၂၅၃၇၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၂၅၇၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၁၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၅ ကျပ် | ၂၁၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၈ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၆ . ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၃၀၀ | ၁၃၀၃ | ၁၀၅၅၄၅၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၈၆၂ | ၂၇၁၇၈၅၀ |
| MCB | ၇၅၀၀ | ၇၃၀၀ | ၁၉၁ | ၁၃၉၄၅၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၁၁၄၈ | ၁၈၃၆၇၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၂ | ၃၀၆၀၀ |
| EFR | ၂၆၅၀ | ၂၇၀၀ | ၁၂၁ | ၃၂၆၆၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၁ | ၉၃၅၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## (၃၁) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှကျင်းပခဲ့သော ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေး မဟာဒဿနဘွဲ့၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့နှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ စာမေးပွဲ အသီးသီးကို အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။
(၂၀၂၀ ခုနှစ် မတိုင်မီ ဘွဲ့ရရှိသူများ အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။)

(၁) လျှောက်လွှာပုံစံများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ရယူ၍ (သို့မဟုတ်) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ website www.yau.edu.mm မှ ယင်းပုံစံ (နှစ်မျက်နှာ)ကို ရယူပြီး ဖော်ပြပါ လျှောက်လွှာပုံစံအတိုင်း (A4-size) ကွန်ပျူတာရိုက်၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ပေးပို့လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ရန်လျှောက်ထားပြီး ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။

(၂) လျှောက်ထားသူသည် (၁)လအတွင်း ရိုက်ကူးထားသော(၂ လက်မx၁.၅ လက်မအရွယ်) (ဓါတ်ပုံနောက်ခံအပြာနုရောင်) ရောင်စုံဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲ၍ လျှောက်ထားရမည်။

(၃) လျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေး တက်ရောက်ဘွဲ့အတွက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ပေးသွင်းရမည်။

(၄) ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတို့တွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက် ကြရမည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို လုံးဝ ခွင့်ပြုမည် မဟုတ်ပါ။

(၅) လျှောက်လွှာများနှင့် ဖော်ပြပါ မိတ္တူများကို (၁၈-၄-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်စာတိုက်သေတ္တာအမှတ် ၁၅၀၁၃ (သို့မဟုတ်) E.mail လိပ်စာ yauexam@yau.edu.mm သို့ Scanned ဖတ်၍ ပေးပို့ လျှောက်ထားရမည်။

(၆) ဘွဲ့နှင်းသဘင်ကြေးကို လူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်ဖြင့်ဖြစ်စေ (သို့မဟုတ်) ရပ်ဝေးမှ ပေးပို့လိုသူများသည် သတ်မှတ် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက် ငွေပို့လွှာဖြင့် ပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင် အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သည့် ခုံအမှတ်၊ ခုနှစ်၊ လနှင့် နေရပ်လိပ်စာတို့ကို တိကျစွာ ဖော်ပြရပါမည်။

(၇) ဘွဲ့ဝတ်စုံများကို ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းပြီးကြောင်း ငွေရပြေစာ တင်ပြလျက် ဤတက္ကသိုလ်တွင် (၂-၅-၂၀၂၃)ရက်မှစ၍ ငှားရမ်း ထုတ်ယူနိုင်ပါသည်။

(၈) ဘွဲ့နှင်းသဘင်ကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းအတိုင်း ကျင်းပနိုင်ရေးအတွက် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | ၂၀၂၃ ခုနှစ်၊ မေလ(၇)ရက်၊ တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | - | နံနက်(၈:၀၀)နာရီ |
| အစမ်းလေ့ကျင့်မည့်နေ့ရက် | - | ၂၀၂၃ ခုနှစ်၊ မေလ(၆)ရက်၊ စနေနေ့ |
| အစမ်းလေ့ကျင့်မည့်အချိန် | - | နံနက် (၈:၀၀)နာရီ |
| ကျင်းပမည့်နေရာ | - | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |

(၉) အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန (ဖုန်း-၀၆၇-၃၄၁၆၆၈၇)နှင့် E-mail လိပ်စာ yauexam@yau.edu.mm သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ထို့အပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ website www.yau.edu.mm သတင်းတွင်လည်း ရှာဖွေကြည့်ရှုနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပရေးဗဟိုကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကောင်းထက်ဇော် ၈/အလန(နိုင်)၁၅၀၁၁၂ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၅၄၃၂၀၀၁

## အလိမ္မာ စာမှာရှိ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၂-က)၊ ဦးပိုင်အမှတ်(၄)၊ ၈၂x၈၄ လမ်းကြား၊ ငါးခိုကျောင်းတိုက်တောင်ဘက်ရှိ ဦးဝင်းညွန့်၊ ဒေါ်ဌေးဌေး၊ ဒေါ်သက်စုနွယ်အမည်ပေါက် ဂရန် မြေကွက်အားပူးတွဲအမည်ပေါက်သူ ဦးဝင်းညွန့်(လူပျိုကြီးဘဝ)ငင်း၏ (ဖခင်) ဦးစိုးတင့်၊ (မိခင်) ဒေါ်နွဲ့နွဲ့မူ ပူးတွဲအမည်ပေါက်သူ ဒေါ်ဌေးဌေး(အပျိုကြီးဘဝ)ငင်း ၏ (ဖခင်) ဦးတင့်၊ (မိခင်)ဒေါ်ထူးတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သည့် ပူးတွဲအမည်ပေါက်သူ ဒေါ်သက်စုနွယ် ၉/ပကခ(နိုင်) ၀၂၈၀၄၈ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၃၀(J) တွင် ဆောက်လုပ်ထားသော "JL Inya Residence" (၆)ထပ်တိုက်၏ ဒုတိယထပ်၊ ဧရိယာ-၁၇၆၃ စတုရန်းပေအကျယ်အဝန်းရှိ ရေ၊ မီးအစုံ အခန်းအမှတ်-၂၀၄နှင့် တကွစွဲကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မှုမှုကြည်(၁၂/ဗတထ(နိုင်)၀၁၁၆၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

# "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၂/၅၄)၊ အခန်းအမှတ်(၁၆)တွင် တည်ရှိသော SUPER SHINE TRADING CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၇၄၁၉၀၅၁၈ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် Menara Mandiri 2, 20th-21st Floor, J1. Jend. Sudirman Kav, 54-55, Senayan, Kebayoran Baru, Jakarta Selatan - 12190, Indonesia ရှိ PT. Heinz ABC Indonesia ၏ ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရန် တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ " ABC " အမှတ်တံဆိပ်ဖြင့် အောက်ဖော်ပြပါ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ အပေါ်တွင် (အင်္ဂလိပ်ဘာသာ)ဖြင့် ရိုက်နှိပ်ထားသော ကုန်ပစ္စည်းအမျိုးမျိုးတို့အား

**ABC BRAND**




အင်ဒိုနီးရှားနိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်သော PT. Heinz ABC Indonesia မှ အပြည့်အဝပိုင်ဆိုင်ပြီး၊ မြန်မာပြည် ကိုယ်စားလှယ်အနေဖြင့် (၁-၁-၂၀၂၁)ရက်နေ့မှစ၍ (Letter of Authorization)အဖြစ် ပေးအပ်ထားခြင်းကို အတည်ပြုလက်ခံရရှိထားသော မိမိတို့ SUPER SHINE TRADING CO.,LTD မှတင်သွင်း၍ ဖြန့်ဖြူးခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်း၊ Online မှ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြု လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ " ABC " အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ တရားမဝင် တင်သွင်းရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်း၊ Online မှ ရောင်းချပေးခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုပ်ဆောင်ခြင်း မပြုကြရန် အသိပေးတားမြစ်ပါသည်။ အထက်ပါကိစ္စများကို ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**SUPER SHINE TRADING CO.,LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်လွင်ဦး** | **ဒေါ်နှင်းအိခိုင်** |
| **LL.B, LL.M, D.B.L, D.M.L, D.I.L, PGDL,** | **B.Sc, LL.B, LL.M, PGDL, D.A, D.M.A.C** |
| **D.L.P,WIPO (Switzerland)** | **D.L.P,WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ(၄၉၅၀၅)** | **အထက်တန်းရှေ့နေ(၄၉၄၇၀)** |

**အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5405 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7498 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/30041, Toyota Toyoace, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီကျော် ၉/အမဇ(နိုင်) ၀၀၁၁၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/8259, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. မှတ်ပုံတင်အမှတ် ၇၈လမ်း၊ ၂၆x၂၇ကြား ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
